# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၇၉)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြား

# အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီးထိန်းသိမ်းကြရမည့်အမွေအနှစ်များပင်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၃

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန် သဘင်ဆောင်၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကား ပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ✩




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




**အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)**

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် HRB-500 အမျိုးအစား Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်)

# ယဉ်ကျေးမှုအနုသုခုမပညာဖြင့် နိုင်ငံတော်ကိုအလှဆင်

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အနေဖြင့် အချိန်အား၊ လူအား၊ ငွေကြေးအင်အားများဖြင့် ကျင်းပပေးနေခြင်းမှာ မြန်မာနိုင်ငံအတွင်းစုစည်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပိုင်ဆိုင်ထားကြသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ကောင်းမြတ်သည့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းခြင်းအပြင် အဆိုပါအမွေအနှစ်များ တိမ်ကောပျောက်ကွယ်မသွားစေဘဲ မျိုးဆက်သစ်တို့ထံ ဆင့်ကဲဖြန့်ဝေပေးနိုင်ရန်ဖြစ်သည်။ အောက်တိုဘာလ ၇ ရက်မှစတင်ခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်သည်။ ယှဉ်ပြိုင်ခြင်းအားဖြင့် အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ကြပြီဖြစ်သည်။

ပြိုင်ပွဲတစ်ခုတွင် အောင်မြင်မှုရရှိရေးအတွက် ပညာရပ်တစ်ခုကို စည်းစနစ်ကျနစွာသင်ကြားနာယူမှု၊ ကျန်းမာရေးနှင့်ဆိုင်သည့် သက်လုံပြည့်ဝမှု၊ ဇွဲရှိမှုနှင့် သာလွန်ကောင်းမွန်သောထိုးထွင်းသိမြင်မှု စသည့် အကြောင်းအရာများစွာပေါ်၌အခြေခံလျက်ရှိသည်။ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဆုအသီးသီးရရှိကြသည့်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှပြိုင်ပွဲဝင်များအတွက် ဝမ်းသာဂုဏ်ယူမိသလို ပြိုင်ပွဲတွင် အကြောင်းကြောင်းကြောင့် ဆုမရရှိသေးသူများအတွက်လည်း အားငယ်စိတ်မဝင်ဘဲ ပိုမိုကြိုးစားခြင်းဖြင့် အောင်မြင်မှုရရှိမည်ဟုမျှော်လင့်သည်။ ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မြတ်မြတ်နိုးနိုးယှဉ်ပြိုင်ခြင်းနှင့် ဗဟိုအဆင့်အထိရောက်ရှိလာအောင် ကြိုးစားခဲ့ကြသူများကိုလည်း တန်ဖိုးထားပါသည်။

မြန်မာ့ရိုးရာအနုသုခုမပညာရပ်များမှာ ခက်ခဲနက်နဲလှပါသည်။ တော်သင့်ရုံဝါသနာပါရုံမျှနှင့်လည်း တတ်မြောက်နိုင်မည်မဟုတ်ပေ။ ဝါသနာပါလွန်းခြင်း၊ ဆရာသမားကောင်းနှင့်တွေ့ဆုံခြင်း၊ ဆရာ၏ သင်ကြားမှုအတိုင်း မိမိကတစ်သဝေမတိမ်းလိုက်ပါလေ့ကျင့်လုပ်ဆောင်နိုင်ခြင်းမျိုး လုပ်ဆောင်နိုင်မှသာ တတ်မြောက်နိုင်သည့်ပညာရပ်ဖြစ်သည်။ လူတိုင်းမတတ်သည့် အနုသုခုမပညာ၊ သင်တိုင်းမတတ်သည့် အနုသုခုမပညာရပ်မို့ မိမိတို့တတ်ကျွမ်းထားသည့်ပညာရပ်များကို အလွန်ပင်တန်ဖိုးထားကာ လေးစားစောင့်ထိန်းရမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်မှ ပညာရှင်အဆင့်သို့တက်လှမ်းနိုင်အောင်ကြိုးစားရင်း မိမိကပညာရှင်ဖြစ်လာသည့်အခါတွင်လည်း မျိုးဆက်သစ်များသို့ ပြန်လည်လက်ဆင့်ကမ်းရမည့်ပညာရပ်ဖြစ်သည်။ သို့မှသာ မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် မြန်မာနိုင်ငံတွင်ရှင်သန်နေမည်ဖြစ်သည်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစောင့်ထိန်းရင်းရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို နှောင့်ယှက်ဖျက်ဆီးမှုကင်းဝေးစေရန်လည်း ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ ကျော်က ပေါ်ထွန်းခဲ့သည့် ဗုဒ္ဓဟောကြားသည့် တရားဒေသနာများ၏ကောင်းမြတ်သောအဆုံးအမများ ယနေ့အထိတည်တံ့ခိုင်မြဲနေခြင်းမှာ သက်ဝင်ယုံကြည်မှုနှင့်အတူ လက်ဆင့်ကမ်းပညာအမွေပေးမှုရှိခြင်း၊ နာယူမှတ်သားသူအဆင့်ဆင့်ကလည်း ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့် စဉ်ဆက်မပြတ်ကြိုးစားကျင့်ကြံအားထုတ်ခြင်းတို့ကြောင့်ဖြစ်သည်။ ယခုပြိုင်ပွဲဝင်ခဲ့ကြသည့်အဆို၊ အက၊ အရေး၊ အတီးပညာရပ်များမှာလည်း စဉ်ဆက်မပြတ်ကြိုးစားလေ့ကျင့်နေရမည့် ပညာရပ်ဖြစ်သည်။

မြန်မာနိုင်ငံတွင်တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကလည်း ကွဲပြားခြားနားများပြားလှသည်။ သမိုင်းအထောက်အထားများအရ မြန်မာနိုင်ငံတွင် လူသားမျိုးနွယ်စတင်ခဲ့မှုနှင့်အတူ ရေမြေဒေသသဘာဝကိုလိုက်ပြီး မတူကွဲပြားခြားနားသည့်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ အနုသုခုမဆိုင်ရာအထောက်အထားများ၊ လက်မှုအဆင်တန်ဆာအသုံးအဆောင်ပစ္စည်းများ၊ အနုသုခုမအဆို၊ အက၊ အတီးများသည်လည်း တစ်ပါတည်းဆင့်ကဲပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်တိုင်းရင်းသားအသီးသီး၏ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမပညာရပ်များသည် သမိုင်းနှင့်ချီပြီး ကြီးကျယ်ခမ်းနားစွာတည်ရှိခဲ့သည်။ အဆိုပါရှိခဲ့သည့် ယဉ်ကျေးမှုများစွာအနက် အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ ပိုမိုထွန်းကားလာစေရန်အတွက် နိုင်ငံတော်ကရည်ရွယ်ချက်ကြီးမားစွာဖြင့် ပြိုင်ပွဲများကျင်းပပေးနေခြင်းဖြစ်သည်။

မြန်မာတို့၏ ရှည်လျားသည့်သမိုင်းကြောင်းတစ်လျှောက် အခွန့်ရှည်တည်တံ့ခဲ့သည့် မြန်မာတို့၏ အနုသုခုမပညာရပ်များကို "မဟာ" ဟူသည့် ကြီးကျယ်မြင့်မြတ်သောဂုဏ်ထူးဝိသေသနှင့် မဟာဂီတဟုခေတ်အဆက်ဆက်တွင် တန်ဖိုးထားခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အသွင်သဏ္ဌာန်နှင့်အနှစ်သာရပါပြည့်စုံသည့် ပြိုင်ပွဲကြီးအဖြစ် (၂၆) ကြိမ်တိုင်တိုင် ကျင်းပပေးနိုင်ခဲ့ပြီဖြစ်သည်။ မျိုးဆက်သစ်များအနေဖြင့် အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ အတူတကွပြိုင်ပွဲဝင်ခဲ့ကြသည့်တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေးကို ဆက်လက်ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရှင်သန်ရေးကိုလည်း ဆက်လက်သယ်ဆောင်လက်ဆင့်ကမ်းကြရမည်ဖြစ်သည်။ ထို့ပြင်အနုသုခုမပညာရှင်များအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံတော်ကို အလှဆင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၇၅ ရက် သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ၁၆-၉-၂၀၂၅ ရက်နေ့မှစတင်ကာ ၅-၁၂-၂၀၂၅ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း၊
- လွှတ်တော်ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်ကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၆-၉-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Official Website ဖြစ်သည့် www.uec.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ကြောင်း၊
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအဖြစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့်တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထားလျှောက်ထားနိုင်သည်။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဖိတ်ကြား ထားသူများနှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်(ကိုယ်စား) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အဖွင့်အမှာစကားပြောကြား သည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက် လာကြသူများက အဖွင့်ပွဲစဉ်များယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးကြ သည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း (၁၁)သင်းဖြင့် အောက်တို ဘာလ ၁၇ ရက်အထိ ကျင်းပပြုလုပ်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။**(၁၀၀)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံး ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်နှင့် ပဲခူး တိုင်းဒေသကြီး ဇုန်(၂)ဇုန်ရှိ သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပ ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူ များ၊ အားကစားဝါသနာရှင်ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။



ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ် အသင်းနှင့် ပြည်ထောင်စုနယ်မြေနေပြည် တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက ၇ ဂိုး ဂိုးမရှိ ဖြင့်လည်းကောင်း၊ ပဲခူးမြို့ အားကစား ဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်း နှင့် ကယားပြည်နယ်အသင်းတို့ အကြိတ် အနယ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် သုံးဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

အဆိုပါ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ် များအဖြစ် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသ ကြီးတို့တွင်ဇုန်(၄)ဇုန်ခွဲ၍ အောက်တိုဘာလ ၁၈ ရက်အထိ ကျင်းပလျက်ရှိပြီး ရှုံးထွက် ပွဲစဉ်များ၊ တတိယလုပွဲပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်း များ၌ အောက်တိုဘာလ ၂၁ ရက်၊ ၂၃ ရက် နှင့် ၂၅ ရက်တို့တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်သည်။

အောက်တိုဘာလ ၁၄ ရက်ပြိုင်ပွဲ ပွဲစဉ် များအဖြစ် ညနေ ၃ နာရီမှစတင်ကာ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ် အသင်း၊ ပုသိမ်မြို့ ကိုးသိန်းအားကစား ကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ပြီး အားကစား ဝါသနာရှင်မိဘပြည်သူများအနေဖြင့်မည်သူ မဆို အခမဲ့လာရောက်ကြည့်ရှုအားပေး နိုင်ကြောင်း သိရသည်။ **မြဝတီ**

# ရန်ကုန်မြို့၌ စိန့်ပီတာစဘတ်နေ့ အခမ်းအနားကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာ စဘတ်မြို့အစိုးရအဖွဲ့ဝင်၊ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ H.E. Mr.Evgeny Grigoriev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်း တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် စိန့်ပီတာစဘတ်နေ့အခမ်း အနားကို ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပ ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသ ကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စိန့်ပီတာ စဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံ ရေးကော်မတီဥက္ကဋ္ဌ H.E. Mr.Evgeny Grigoriev ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား သံအမတ်ကြီး H.E. Mr. Iskander Azizov၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စိန့်ပီတာစဘတ်မြို့၏ အထင်ကရ နေရာများ၊ မြန်မာနိုင်ငံ၏ အထင်ကရ နေရာများပါဝင်သည့် ရုပ်သံမှတ်တမ်းနှင့် စိန့်ပီတာစဘတ်မြို့တော်ဝန် H.E. Mr. Alexander Beglov ၏ နှုတ်ခွန်းဆက်ရုပ်သံ မိန့်ခွန်းကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် က အဖွင့်အမှာစကားပြောကြားပြီး စိန့်ပီ တာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး တို့က နှုတ်ခွန်းဆက်စကားပြောကြားကြ သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှား သံရုံးမှ ရုရှားရိုးရာအဆိုအကများဖြင့်လည်း ကောင်း၊ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင် များကတေးသီချင်းများဖြင့်လည်းကောင်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ အဆို အကများဖြင့်လည်းကောင်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ မြန်မာ့ယဉ်ကျေးမှုအဆိုအကများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့က ဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှု အဖွဲ့များကို အမှတ်တရပန်းခြင်းများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် စိန့်ပီတာစဘတ်နေ့အထိမ်း အမှတ် ဓာတ်ပုံပြပွဲအခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိန့်ပီတာ စဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံ ရေးကော်မတီဥက္ကဋ္ဌနှင့် ရုရှားသံအမတ်ကြီး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြသထား သည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် က Lotte Hotel Crystal Ballroom ၌ ဧည့်သည်တော်များနှင့် အခမ်းအနား တက်ရောက်လာကြသူများအားနေ့လယ်စာ ဖြင့်တည်ခင်းဧည့်ခံရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော် စိန့်ပီတာ စဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံ ရေးကော်မတီဥက္ကဋ္ဌတို့က ဆုတောင်း စကားများပြောကြားကြပြီး နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရ သည်။ **မြဝတီ**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“ခိုင်လုံသောအကြောင်းအရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ”** ခေါင်းစဉ်ဖြင့် ၁၅-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မူးယစ်ဆေးဝါးနဲ့ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၁၃-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

## လူထုကို အားကိုးခြင်း

ကျွန်ုပ်၏စကားအဆုံး၌ ရွာသားများသည် ဝိုင်းအရက်ခွက်ကိုယ်စီနှင့် တစ်ယောက်ပြီးတစ်ယောက်ထ၍ ကျွန်ုပ်အား ကျန်းမာချမ်းသာစွာရှိပါစေကြောင်း ဆုတောင်းကာ တို့စ်လုပ်ကြလေသည်။ ကျွန်ုပ်မှာမူ အင်္ဂလိပ်လို ပထမအကြိမ်ပြောခြင်း၌ အောင်မြင်သည် တစ်ကြောင်း၊ နားထောင်သောပရိသတ်၏ လှိုက်လှဲသောအမူအရာကို မြင်ရသည်တစ်ကြောင်းကြောင့် ရင်ထဲ၌ လှိုင်းတံပိုးထလျက်ရှိပါတော့သည်။ စကားပြော၍ဆုံးသော်လည်း ရွာသားများသည် ကျွန်ုပ်အား ဟီးရိုးတစ်ယောက်အနေဖြင့် သဘောထားကြသည့် လက္ခဏာဖြင့် အလေးပြု၍မဆုံးနိုင်အောင်ရှိပါတော့သည်။ ဤအဖြစ်အပျက်ကို ကျွန်ုပ် စေ့စေ့တွေး၍ ကြည့်သည့်အခါ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်အောင်မြင်ခြင်းဖြစ်သည်ဟု ယူဆသည်တစ်ကြောင်း၊ ဆိုဗီယက်ပြည်သူ၊ ပြည်သားများသည် ကျွန်ုပ်၏မေတ္တာဓာတ်ကို တုံ့ပြန်တတ်ရုံသာမက ကမ္ဘာ့ငြိမ်းချမ်းရေးရအောင်လုပ်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်ပြောပြသည့်နည်းလမ်းကို ဟုတ်တန်လောက်သည်ဟု လက်ခံကြရာရောက်သည်တစ်ကြောင်း၊ ယင်းသို့ဆိုလျှင် ဆရာကြီးဘာတရန်ရတ်ဆဲလ်၏ မေးခွန်းကို ကျွန်ုပ်က စာတစ်အုပ်ဖြင့် ဖြေဆိုမည်ဟူသော အကြံအစည်နှင့်ပတ်သက်၍လည်း မိမိဖြေဆိုမည့် အဖြေသည် ယုတ်စွအဆုံး ကမ္ဘာသူ၊ ကမ္ဘာသားတချို့ နားဝင်လောက်သည်ဟု မျှော်လင့်ချက်ရှိလာသည် တစ်ကြောင်းကြောင့် အကြီးအကျယ်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ကျွန်ုပ်၏ထင်မြင်ချက်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးအလုပ်သည် အလွန်တရာ မာန်မာနကြီးလျက်ရှိသော ကမ္ဘာ့ခေါင်းဆောင်များက ဆောင်ရွက်ခြင်းထက် ကမ္ဘာသူ၊ ကမ္ဘာသားတို့ကို ချဉ်းကပ်ရလျှင် အောင်မြင်ဖို့ရှိသည်ဟု မြင်လာပါသည်။ ဆိုလိုခြင်းမှာ အစပထမ၌ ခေါင်းဆောင်ကြီးတွေက မုန်းတီးဆေးဖော်ကာ တစ်ဖက်ကို တစ်ဖက် အရှက်ကွဲအောင် ပြောကြ၊ လုပ်ကြတိုင်း ဟိုဘက်သည်ဘက်ရှိ နောက်လိုက်များက အဟုတ်ကြီးထင်ပြီး လက်ခုပ်မတီးကြရန်ဖြစ်လေသည်။ သို့ရာတွင် ဤအကြောင်းကိုမူ နောက်ပိုင်းတွင်မှ အဆင့်ဆင့်ဖော်ပြပါဦးမည်။

## ညီနှင့် သားတစ်ယောက်ရလာခြင်း

နေ့လယ်စာစားပွဲပြီး၍ ရွာကလေးမှ ပြန်ကြမည်ပြုရာတွင် ရွာသူ၊ ရွာသားများသည် ကျွန်ုပ်အား အထူးလှိုက်လှဲစွာ နှုတ်ဆက်ကြခြင်းကိုတွေ့ရ၍ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်အောင်မြင်ခြင်းအတွက် ပီတိဖြစ်မိပါသည်။ အပြန်ခရီးတွင် ရုရှားရဲဘော်နှစ်ယောက်တို့သည် ကျွန်ုပ်၏စကားအဓိပ္ပာယ်ထိရောက်ပုံကို ချီးကျူး၍မဆုံးနိုင်အောင်ရှိနေကြ၍ အသက် ၅၈ နှစ်ရှိပြီဖြစ်သော ရဲဘော်က ကျွန်ုပ်အား အစ်ကိုကြီးအရင်းကဲ့သို့ ချစ်ခင်လာပြီဖြစ်ကြောင်း ပြောပြီးလျှင် သူ့အားလည်း ညီအရင်းတစ်ယောက်ကဲ့သို့ ကျွန်ုပ်က သဘောထားစေလိုကြောင်း အထပ်ထပ်ပြောလေသည်။ ဤတွင် အသက် ၄၃ နှစ်ရှိပြီဖြစ်သော ရဲဘော်ကလည်း သူ၏ ကြည်ညိုလေးစားခြင်းကို အားကျမခံဖော်ပြလိုသည့်လက္ခဏာဖြင့် ကျွန်ုပ်ကို ဖခင်ဟူ၍မှတ်ထင်လာပြီဖြစ်သောကြောင့် သူ့အားလည်း သားတစ်ယောက်ကဲ့သို့သဘောထားဖို့အကြောင်းနှင့် တစ်ယောက်တစ်လှည့် အချီအချ အားရပါးရ ပြောကြပါတော့သည်။ ကျွန်ုပ်ကလည်း သူတို့၏ကြင်နာချစ်ခင်ခြင်းသည် လောကဝတ်စကားမဟုတ်၊ တကယ်လှိုက်လှဲခြင်းရှိသည်ကို သိရသဖြင့် သူတို့နှင့်အလားတူ လှိုက်လှဲစွာ "ညီလေး၊ သားလေး" ဟုခေါ်ရင်း အကြိမ်ကြိမ်လက်ဆွဲကြပါသည်။ တစ်ဖက်ကမေတ္တာထား၍ တစ်ဖက်က ဤကဲ့သို့ လှိုက်လှဲစွာတုံ့ပြန်ခြင်းခံရသော အရသာသည် ရိုးရိုးသားသားချီးမွမ်းခြင်းခံရသော အရသာထက်ပင် စိတ်၏ချမ်းမြေ့ခြင်းရှိသည်ကို ကျေနပ်စွာတွေ့ကြုံခံစားခဲ့ရပါသည်။ လူချီးမွမ်းခံရ၍ ကျေနပ်သော အရသာသည် 'တယ်တော်တဲ့ ငါပါတကား' ဟူသည့် မာန (Vanity) သဘောယှဉ်တွဲလျက်ရှိသည်ဖြစ်ရာ တစ်ဖက်သားကောင်းစားစေလိုသည့် မေတ္တာစစ်ဖြင့် တုံ့ပြန်သည်ဟု သိရခြင်းမှုကား မာနမဖက်သည့် ဖြူစင်ကြည်လင်သော နှစ်သိမ့်မှုမျိုးပေတကားဟု စဉ်းစားမိပါသည်။

## သစ်ကြားသီးအဆောင်

ကျေးရွာထမင်းပွဲ၌ ကျွန်ုပ်သည် လတ်ဆတ်ဖြူဖွေးသော သစ်ကြားသီးတစ်ပွဲကိုတွေ့ရ၍ ၁၀ လုံးမျှ တောင်းယူလာခဲ့၏။ အဖော်နှစ်ယောက်တို့က ....

"ဘာလုပ်ဖို့လဲဆရာကြီး"

ဟု မေးသောအခါ ကျွန်ုပ်က...

"အဆောင်ပေါ့ဗျ"

ဟု ပြန်ပြောခဲ့သည်။ ဟိုတယ်သို့ရောက်ကြ၍ သစ်ကြားသီးများကို မြင်ကြသောအခါ...

"ဆရာကြီးရဲ့အဆောင်က တယ်နေရာကျပါကလား"

ဟု ပြောကြရာ၌ ကျွန်ုပ်က...

"ဟုတ်တာပေါ့ဗျ"

ဟူ၍သာပြန်ဖြေလိုက်၏။ သူတို့နှစ်ယောက်က ကျွန်ုပ်၏အောင်မြင်မှုသည် သစ်ကြားသီးအဆောင်ကြောင့်ဖြစ်သည်ဟု ထင်ကြလျှင်လည်းရှိစေ။ ကျွန်ုပ်က မေတ္တာစိတ်ဓာတ်၏အကြောင်းကို ရှင်းလင်း၍ မပြောဘဲထားလိုက်သည်။ ဤအကြောင်းကို ဤနေရာ၌ ရှင်းပြပါဦးမည်။ ကျွန်ုပ်မှာ မိဘအစဉ်အဆက်မှစ၍ အယူသီးသော (Superstitious) လူတစ်ယောက်မဟုတ်သည့်အပြင် ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ စဉ်းစားဆင်ခြင်တတ်သောအလေ့အကျင့်ရှိသူ တစ်ယောက်လည်းဖြစ်သည့်အတွက် အကြောင်းအကျိုးဆက်စပ်၍မရသော အခြင်းအရာမျိုးကို မယုံကြည်ချင်တတ်ဆုံး လူတစ်ယောက်ဟူ၍ယူဆပါသည်။ သို့ရာတွင် ကျွန်ုပ်၏လက္ခဏာနှင့်ပတ်သက်၍ အချက်အလက်အတော်များစွာ မှန်ကန်အောင်ဟောဖူးသည့် လက္ခဏာဆရာနှစ်ယောက်နှင့်တွေ့ရာတွင် ယုတ်စွအဆုံး လက္ခဏာဖတ်ခြင်းအတတ်ပညာကို ယုံကြည်ရမည်ကဲ့သို့ တဖြည်းဖြည်းဖြစ်လာ၏။ ဂေါတမဗုဒ္ဓ၏ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်များ အကြောင်းကိုလည်း ဖတ်ရဖူးသည်နှင့် ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေဖြင့် ယုံကြည်ရမည်ကဲ့သို့ဖြစ်ခဲ့၏။ ကျွန်ုပ်၏လက္ခဏာဆရာက နိုင်ငံခြားသို့ခရီးထွက်လျှင် သစ်ကြားသီးအနည်းငယ်ဆောင်သွားဖို့ ပြောဖူး၏။ ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ ခရီးထွက်ခဲ့ရာ၌ အထက်တွင်ဖော်ပြခဲ့သည့် အကြံကြီးအစည်ကြီးများလည်းရှိသည်ဖြစ်သောကြောင့် ယင်းအကြံအစည်အောင်မြင်ရေးအတွက်ဆိုလျှင် ဘာမဆိုလုပ်မည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သစ်ကြားသီးအနည်းငယ်'ဆောင်'သွားရခြင်းအတွက် ဘာမျှဝန်လေးသည်မဟုတ်ဟုဆိုကာ သစ်ကြားသီး ၁၀ လုံးမျှကို မန္တလေးကတည်းက ဆောင်ယူလာ၏။ ထိုရွာကလေး၌ လတ်ဆတ်ဖြူစင်သော သစ်ကြားသီးများကို တွေ့ရသည့်အခါတွင် ကျွန်ုပ်၏စိတ်ထဲ၌ လတ်ဆတ်လျှင် သာ၍ကောင်းလိမ့်မည်ဟူသောအထင်နှင့် အိမ်ရှင်ထံမှ သစ်ကြားသီး ၁၀ လုံးတောင်းယူခဲ့ခြင်းဖြစ်ပါသည်။ ရှေ့အဖို့တွင် ဆက်လက်၍ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်အစွမ်းအောင်မြင်မှုတွင် ဤသစ်ကြားသီးများက အထောက်အပံ့ပြု၊ မပြုကိုမူ ကျွန်ုပ် ယခုတိုင်ဆုံးဖြတ်နိုင်ခြင်းမရှိသေးပါ။ သို့သော် အထောက်အပံ့ပြုဟန်ရှိသည်ဟူသော အယူအဆဘက်သို့ ခပ်ယိမ်းယိမ်းရှိနေခြင်းကို ဝန်ခံပါသည်။

## သတိကြီးစွာထားခြင်း

ကျွန်ုပ်အဖို့ရာ၌ မေတ္တာစိတ်ဓာတ်၏အောင်မြင်မှုများသည် အလွန်များပြားသော်လည်း စာဖြင့်ရေးမှတ်ခြင်းမပြုမိခဲ့သည့်အတွက်ကြောင့် အားလုံးစေ့စုံအောင် မဖော်ပြနိုင်စေကာမူ မှတ်မိသလောက် ဖော်ပြပါဦးမည်။ အာမီးနီးယားနယ် မြို့တော်အီရီဗန်မှ ဂျော်ဂျီယာနယ် မြို့တော်တစ်ဘလစ်ဆီသို့ ရောက်ကြ၍ ဟိုတယ်တစ်ခု၌ တည်းခိုလျက်ရှိကြစဉ် ကျွန်ုပ်တို့ နေ့တိုင်းစားသောက်ကြသည့်စားပွဲတစ်ခု၌ မိန်းကလေးတစ်ယောက်က လိုအပ်သောစားစရာများအား သယ်ယူပေးသည့်တာဝန်ကို ဆောင်ရွက်၏။ ထိုမိန်းကလေးကား အလွန်ချောမောလှပသည်ဟု မဆိုနိုင်ဘဲ ရွက်ကြမ်းရေကျိုမျှလောက်ရှိသည့် ရုပ်ဆင်းသဏ္ဌာန်ရှိစေကာမူ မျက်နှာထားအလွန်ချို၍ တခြားလူများထက် ကျွန်ုပ်အား ပိုပြီးဂရုတစိုက်ပြုစုခြင်းကို တခြားလူများပင် ရိပ်မိကြ၍ ပြုံးစိစိမျက်နှာထားဖြင့် ကျွန်ုပ်အားကြည့်ကြ၏။ ကျွန်ုပ်သည် မိန်းကလေးအား သန့်ရှင်းဖြူစင်သောမေတ္တာမျက်လုံးဖြင့် ကြည့်မိခြင်းကား မှန်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

---

# မင်းလှမြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းဆောင်ရွက်

မင်းလှ အောက်တိုဘာ ၁၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပြည်သူများပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းကို ဇေယျာသီရိဈေး၌ အောက်တိုဘာလ ၁၃ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ဇေယျာသီရိဈေးရှိ ဈေးရောင်းချသူများအား အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူတို့ကိုသုံးစွဲစေရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ပလတ်စတစ်အိတ်သုံးစွဲမှုမရှိစေရန်နှင့် အစားထိုးသုံးစွဲ လိုက်နာဆောင်ရွက်ခြင်းနှင့်အတူ ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့်ညီညွတ်စေရန် မြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်နေပြည်သူများ၏ စွန့်ပစ်ပစ္စည်းများကို အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် နေ့စဉ် သိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမြတ်(အထက်မင်းလှ)



# (၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၃

(၁၀၅)နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၈)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အစည်းအရုံးဝင်များ၊ မြန်မာ့ရုပ်ရှင်သက်ကြီးအနုပညာရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက (၁၀၅)နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ၊တိုင်းဒေသ




ကြီး တိုင်းရင်းသားရေးရာဝန်ကြီး ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ကုသိုလ်အဖြစ် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၄၈)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကိုဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုကလှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီး ဦးရဲတင့်ကပေးအပ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ ၊ Forever Group မှ ငွေကျပ် ၆၇ သိန်းကျော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ဗဟို)မှ ငွေကျပ်သိန်း ၂၀ ၊ တိုင်းဒေသကြီး



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ငွေကျပ်၁၀ သိန်းနှင့် မင်္ဂလာရုပ်ရှင်မိသားစုက ငွေကျပ် ၂၈ သိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က မှဒိတာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများပေးအပ်ရာ ရုပ်ရှင်သက်ကြီးပညာရှင်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေက ဆုတောင်းမေတ္တာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၃

ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လုပ်ငန်းကော်မတီဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံဒေသတွင်း ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများပူးပေါင်းကာ HRD Fund တစ်ခု ထူထောင်နိုင်ရန် အောက်တိုဘာလနောက်ဆုံးပတ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် HRD Fund အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများက ကျွမ်းကျင်လုပ်သားများနှင့် စီးပွားရေးလုပ်ငန်းလာရောက်လုပ်ကိုင်သူများ ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် စုဖွဲ့မှုနှင့် လုပ်ငန်းတာဝန်သတ်မှတ်မှု၊ လုပ်ငန်းကော်မတီဝင်ဌာန၊ အဖွဲ့အစည်းများအနေဖြင့်သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြပြီး စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

## နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအား Naypyitaw State Academy တွင် သင်ကြားလျက်ရှိသော ဘာသာရပ်များအကြောင်း မိတ်ဆက်





နေပြည်တော် အောက်တိုဘာ ၁၃

နေပြည်တော် အခြေခံပညာအထက်တန်းကျောင်းများရှိGrade–12ကျောင်းသား၊ ကျောင်းသူများအား Naypyitaw State Academy တွင် သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ မိတ်ဆက်ခြင်းအစီအစဉ်ကို နေပြည်တော်(၈)မြို့နယ်ရှိအခြေခံပညာအထက်တန်းကျောင်းများ၌ အောက်တိုဘာလ ၁၃ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းများ၌ ဝိဇ္ဇာပညာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ၊ ဆေးပညာဘာသာရပ်များကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် တပ်ကုန်းမြို့နယ်အောင်ဆန်းခန်းမတို့တွင် သိပ္ပံပညာ၊ ဝိဇ္ဇာပညာ၊ အားကစားပညာ၊ လူမှုရေးပညာဘာသာရပ်များကိုလည်းကောင်း ဘာသာရပ်ဌာနအသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများက မိတ်ဆက်ရှင်းလင်းကြသည်။

Naypyitaw State Academy တွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ စာကြည့်တိုက်နှင့်သုတပညာ၊ သံတမန်ရေးရာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ကုန်ထုတ်ဓာတုဗေဒ၊ နျူကလီးယားရူပဗေဒ၊ ဥပဒေပညာ (LL.B, B.A(Law))၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ အားကစားပညာ၊ လူမှုရေးပညာနှင့် ဆေးပညာအထူးပြုဘာသာရပ်များ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးမင်းထက်သာအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အငြိမ်းစားပါမောက္ခကြီး ဒေါက်တာနုနုခင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားစဉ်။

➢ **ကျောဖုံးမှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုအဖွဲ့များ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အခမ်းအနားသည်

**စာမျက်နှာ ၇ သို့** ➢

➢ **စာမျက်နှာ ၆ မှအဆက်**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ပြီးမြောက်စေရေးအတွက် မိမိတို့ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မေတ္တာစေတနာအပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် ဝါရင့်သမ္ဘာရင့်အကဲဖြတ်အဖွဲ့ဝင်အနုပညာရှင်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်ထောက်ပံ့ပေးသူများကို ဂုဏ်ပြုသည့်အခမ်းအနားပင်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုသည့် အလွန်တရာမွန်မြတ်သော အမျိုးသားရေးရည်မှန်းချက်ပြည့်မြောက်အောင်မြင်စေရေးအတွက် အထင်ကရအခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေးလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲကြီးအောင်မြင်ရန် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ပါဝင်စွမ်းဆောင်ပေးခဲ့ကြသည့် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများနှင့်အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများအားလုံးလည်း နိုင်ငံတော်အစိုးရနှင့်ထပ်တူ ကျေနပ်ဝမ်းမြောက်ဂုဏ်ယူနေကြလိမ့်မည်ဟုခံစားမိကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးအသွင်သဏ္ဌာန်ရောအနှစ်သာရပါ နက်နက်ရှိုင်းရှိုင်းဖြင့် အမျိုးသားရေးအဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့်ကျင်းပပေးလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲကြီးများ၏ မြင့်မားသည့်ရည်ရွယ်ချက်များ တစ်စထက်တစ်စ ပိုမိုအကောင်အထည်ပေါ်လာအောင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့်ပညာရပ်များနှင့် အားကြိုးမာန်တက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကိုလည်း အလေးအနက်ထားပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရကဦးဆောင်ပြီး သက်ဆိုင်ရာကဏ္ဍအသီးသီးမှတာဝန်ရှိသူများက မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတို့၏ ကိုယ်ပိုင်စွမ်းအားကိုအခြေခံသည့် မှန်ကန်သော အားထုတ်ကြိုးပမ်းမှုများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကောင်းများနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရင်း

⁕ **ယနေ့မျက်မှောက်ကာလတွင် ပွင့်လင်းလွတ်လပ်မှုနှင့် တိုးတက်လာသည့် မီဒီယာများကိုအသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးသည် နယ်ပယ်အသီးသီးတွင် ထွေးရောယှက်တင်ဝင်ရောက်လာနေသည်ကို အားလုံးအသိပင်ဖြစ်၊ ထို့ကြောင့်လည်း နိုင်ငံအသီးသီးသည် မိမိတို့၏ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြ . . .**

⁕ **နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ်ပေါ်ထွန်းလာခဲ့သည့်အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့်ကျေးဇူးတရားကြောင့် ယနေ့မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ် . . .**

စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့မျက်မှောက်ကာလတွင် ပွင့်လင်းလွတ်လပ်မှုနှင့် တိုးတက်လာသည့် မီဒီယာများကိုအသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးသည် နယ်ပယ်အသီးသီးတွင် ထွေးရောယှက်တင်ဝင်ရောက်လာနေသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံအသီးသီးသည် မိမိတို့၏ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့စရိုက်များကို တန်ဖိုးထားထိန်းသိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားနေကြကြောင်း၊ အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ယခုကဲ့သို့ အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရအောင် အနုပညာစွမ်းအားဖြင့် စေ့ဆော်မြှင့်တင်ပေးရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ဘိုးဘွားအဆက်ဆက် အနုပညာရှင်မျိုးဆက်အဆင့်ဆင့်တို့က ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်း သယ်ဆောင်ပွားများလာခဲ့ကြသည့်အတွက် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းပင်ဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် စဉ်ဆက်မပြတ် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများက ထိန်းသိမ်းဆင့်ပွား အမွေပေးခဲ့သည့် ကျေးဇူးတရားကြောင့် ယနေ့မိမိတို့တစ်တွေသည် အဖိုးအနဂ္ဃထိုက်တန်လှသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားကြသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သည့် ဘိုးဘွားဆရာသခင် အနုပညာရှင်ကြီးများ၏အစဉ်အလာကောင်းများနှင့်အညီ အမွေဆက်ခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီး ပိုမိုခိုင်ခံ့ဝင့်ကြွား တန်ဖိုးကြီးမားလာစေရအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း။

မိမိတို့အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များ ဆတက်ထမ်းပိုး တိုးတက်ရှင်သန်ထွန်းကားပြန့်ပွားစေရအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးနိုင်ကြပါစေ၊ မိမိတို့၏ပြည့်စုံကြွယ်ဝလှသည့်အတွေ့အကြုံများ၊ တန်ဖိုးမဖြတ်နိုင်သည့်အနုပညာစွမ်းအားများကိုမျိုးဆက်သစ်လူငယ်များအား ပညာဖြန့်ဝေပေးနိုင်ကြပါစေ၊ ကိုယ်စိတ်နှလုံးချမ်းမြေ့ စွာ၊ ကျန်းမာချမ်းသာစွာဖြင့် အသက်ရာကျော်ရှည်ကြသည်အထိ နိုင်ငံနဲ့လူမျိုးအကျိုးကို အနုပညာစွမ်းပကားဖြင့် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ၊ နောင်လာမည့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးပေါင်းများစွာတိုင်သည်အထိ မိမိတို့၏ အနုပညာစွမ်းအားဖြင့် ဆက်လက်ကူညီပံ့ပိုးနိုင်ကြပါစေဟု မေတ္တာပို့သဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဦးမင်းထက်သာနှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စားဥက္ကဋ္ဌဦးစောဝင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှအုပ်ချုပ်သူများကိုယ်စား မကွေးတိုင်းဒေသကြီးမှ အုပ်ချုပ်သူတစ်ဦး၊ အခမ်းအနားမှူးများကိုယ်စား အခမ်းအနားမှူးတစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင်များကိုယ်စား အဆိုအကဲဖြတ်ပညာရှင်ဦးတင်ဦးလေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှအနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ထို့နောက် အထူးအစီအစဉ်အဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သဘင်ပညာရှင်ကြီးများဖြစ်ကြသည့် အနုပညာဦးစီးဌာနမှ အသက် ၇၄ နှစ်ရှိ အငြိမ်းစားဦးစီးအရာရှိ ဆရာကြီး ပန်တျာဦးမြင့်သိန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှအငြိမ်းစားဂုဏ်ထူးဆောင်ပါမောက္ခကြီး အသက် ၇၆ နှစ်ရှိ ဒေါက်တာနုနုခင်တို့နှင့်အတူ လက်ဆင့်ကမ်းအမွေကို ဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်လေးများဖြစ်ကြသည့် မွန်ပြည်နယ်မှအခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အကပြိုင်ပွဲ ပထမဆုရ မောင်စောအောင်ဟိန်းထွေး(ခေါ်)အဲအဲနှင့် ရန်ကုန်တိုင်းဒေသကြီးမှ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အကပြိုင်ပွဲမှ ပထမဆုရ နန်းကဋ္ဌေစံဦးတို့က "သစ္စာထားနှစ်ပါးသွား" အကဖြင့် ဂုဏ်ပြုလက်ဆင့်ကမ်းဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အငြိမ်းစားဦးစီးအရာရှိ ဆရာကြီးပန်တျာဦးမြင့်သိန်းနှင့် အငြိမ်းစားပါမောက္ခကြီး ဒေါက်တာနုနုခင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးမေးမြန်းနှုတ်ဆက်စကားပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူအားကစားသမားများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲကို အောက်တိုဘာလ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေး၊ မုံရွာ၊ မိတ္ထီလာ၊ တောင်ကြီး၊ လွိုင်ကော်၊ ကျိုင်းတုံ၊ မကွေး၊ ပခုက္ကူ၊ စစ်ကိုင်းစသည့် ပညာရေးဒီဂရီကောလိပ်ကိုးခုမှ ကျောင်းသား၊ ကျောင်းသူအားကစားသမားများ၊ အသင်းလိုက်ဘောလုံး(အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)၊ ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး)၊ ပြေးခုန်ပစ် (အမျိုးသား၊ အမျိုးသမီး) အားကစားနည်းလေးမျိုးဖြင့် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် မဟာမုနိဘုရားကြီးနှင့်ဘုရားကြီးပရဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးမှုများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပြီးစီးမှုကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့်ဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုကိုလည်းကောင်း၊ ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်း-မန္တလေးလမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ) တံတားသံပေါင်အချို့အား ရေကြောင်းသွားလာမှုများအဆင်ပြေစေရေးအတွက် စနစ်တကျဖယ်ရှားခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# အသည်းအဆီဖုံးရောဂါအတွက် ထိရောက်သော တိုင်းရင်းဆေးပင်များ(၂)

ယခုခေတ်တွင် အဖြစ်များလာသော အသည်းအဆီဖုံးရောဂါဖြစ်ခြင်း၏ အခြေခံအချက်များမှာ အဆီစားသုံးမှုများလာခြင်း၊ အသားနှင့် အဆီတွဲလျက်ရှိသော အစာစားသုံးမှုများလာခြင်း၊ အအေးဓာတ်ပေးထားသောအခန်းများတွင် နေထိုင်အိပ်စက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများမပြုလုပ်ခြင်း၊ အရက်၊ ဘီယာသောက်သုံးမှုများလာခြင်းဟူသော လူမှုဘဝအနေအထိုင်များကြောင့်လည်း ဖြစ်နိုင်သည်။ မြို့ပြတွင်နေထိုင်သူများအဖို့ လေကောင်းလေသန့်မရခြင်းမှာလည်း ကျန်းမာရေးအတွက် ဆုံးရှုံးမှုတစ်မျိုးဖြစ်သည်။ ကားမီးခိုးအငွေ့များ၊ ဓာတ်ဆီ၊ ဒီဇယ်ငွေ့များ နေ့စဉ်ရှူရှိုက်နေရခြင်းကလည်း အသည်းသွေးလှည့်အဖွဲ့သို့ အဆိပ်အတောက်များရောက်ပြီး များစွာထိခိုက်စေနိုင်သည်။

ရိုးရာတိုင်းရင်းဆေးပညာရှုထောင့်နှင့် အာယုဗ္ဗေဒဆေးပညာရှုထောင့်တို့မှကြည့်လျှင် ခန္ဓာကိုယ်တွင်းမှ အသည်းသည် သည်းခြေအိတ်နှင့် တွဲဖက်ပြီး ခန္ဓာကိုယ်ကိုအရောင်ဆိုးပေးခြင်း၊ သွေးကိုသန့်စင်ပေးခြင်း၊ မှတ်ဉာဏ်ကိုပေးခြင်း၊ အစာခြေရည်ကိုထုတ်ပေးခြင်း၊ ဆီးဝမ်းကိုရွှင်စေခြင်း၊ အဆိပ်အတောက်တို့ကိုပယ်ဖျက်ပေးခြင်း စသော တာဝန်များကိုထမ်းဆောင်လျက်ရှိရာ အသည်းအဆီဖုံးရောဂါရှိသူများ၏ အသည်းမှာ ဤတာဝန်များကို အပြည့်အဝထမ်းဆောင်နိုင်တော့မည်မဟုတ်ပေ။

ခန္ဓာကိုယ်၏ အသက်ဇီဝရုပ်ကို ဖြစ်စေသော၊ တည်ဆောက်ပေးသော ပထဝီဓာတ်နှင့် အာပေါဓာတ်တို့သည် စွမ်းအင်ထက်မြက်စေသော တေဇောဓာတ်၊ ဝါယောဓာတ်တို့နှင့် အချိုးကျပေါင်းစပ်ကာ အသည်းကို တည်ဆောက်ထားသည်။ ထိုဓာတ်များမှ အဝလွန်စေသော ပထဝီဓာတ်နှင့်အာပေါဓာတ်တို့ အားများလာသောအခါ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့ အားနည်းပြီး ငုပ်လျှိုးသွားသဖြင့် အစာကြေကျက်အားနည်းရာမှစပြီး ရောဂါမျိုးစုံဝင်လာတော့သည်။ ပထဝီဓာတ်လွန်ကဲခြင်းကြောင့် အသည်းကြီးရောဂါဟုလည်း ခေါ်နိုင်သည်။ ထိုရောဂါဖြစ်ချိန်ကြာလာသောအခါ မူလပထဝီ၊ အာပေါဓာတ်ရော၊ တေဇောဓာတ်နှင့် ဝါယောဓာတ်ပါ ပျက်သဖြင့် ဆန့်ကျင်ဘက် အသည်းကျုံ့ခြင်း၊ ခြောက်ခြင်းဖြစ်ကာ အသက်ပါ ဆုံးရှုံးနိုင်သည်။

အစားအသောက်၊ အနေအထိုင်ပြုပြင်ရုံဖြင့် အသည်းအဆီဖုံးခြင်းကို လျှော့ပါးအောင် ကုသနိုင်သည်။ လေကောင်းလေသန့်ရသောနေရာများသို့သွားပြီး ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းပြုလုပ်ခြင်းများကိုပါ တွဲဖက်ပြုလုပ်ခြင်းသည် ဆေးဝါးမပါသော အသည်းရောဂါကုသခြင်းဖြစ်သည်။

အရက်သေစာသောက်သူများမှာလည်း ရပ်သင့်သောအချိန်တွင် ရပ်လိုက်လျှင် အသက်ရှည်ရှည်နေရနိုင်သည်။ အသည်းအဆီဖုံးခြင်းသည် အသည်းပျက်စီးစေသောအဆင့်မဟုတ်သေးသဖြင့် အချိန်အတိုင်းအတာတစ်ခုတွင် ပြန်ကောင်းလာနိုင်သည်။

အသည်းအတွက် ကုသရန် ဆေးဝါးကိုအားမကိုးပါနှင့်။ ဆေးမှန်သမျှသည် ဓာတုဗေဒပစ္စည်း မကင်းကြပါ။ သဘာဝပစ္စည်းမှ ထုတ်လုပ်သည်ဆိုသော်လည်း အရောင်၊ အဆင်း၊ အနံ့တာရှည်ခံစေရန်အတွက် ဓာတုပစ္စည်း သုံးကြသည်ချည်းပင်ဖြစ်သည်။

**"အသည်းအဆီဖုံးခြင်းအတွက် ဒန့်သလွန်စေ့ကို စားသုံးသင့်သည်။ ဒန့်သလွန်ရွက်ကို ဟင်းချိုချက်သောက်ခြင်းသည် သွေးတိုးကျစေနိုင်သည်။ ဒန့်သလွန်ရွက်ကို ဆုံတွင်ထောင်းပြီး အရည်ညှစ်သောက်လျှင် ဟင်းစားဇွန်းနှစ်ဇွန်းစာမျှသောက်ရုံဖြင့် ထိရောက်စေသည်။ တစ်ပတ်လျှင် သုံးရက်မျှ သောက်နိုင်ပါသည်။ ဒန့်သလွန်ရွက်အရည်သည် အသည်းရော၊ နှလုံးသွေးကြောအတွက်ပါ ကောင်းမွန်စေနိုင်သည်။ မကောင်းသောအဆီကို ကျစေနိုင်သော ဓာတ်စာဖြစ်သည် . . ."**

သဘာဝအပင်၊ အရွက်၊ အသီး၊ အပွင့်တို့ဖြင့် ကုသနိုင်ရန် အစာလည်းဆေး၊ ဆေးလည်းအစာဖြစ်စေနိုင်သော တိုင်းရင်းဆေးဖက်ဝင်စားသုံးပင်များကို ဖော်ပြရလျှင် နေ့စဉ် အိမ်ရှင်မများ မီးဖိုချောင်တွင် သုံးနေသော အာဟာရများသာဖြစ်သည်။ အသည်းအတွက် ထိုအာဟာရများကို တစ်မျိုးမဟုတ်တစ်မျိုး နေ့စဉ် တစ်လှည့်စီစားသုံးပေးလျှင် ထူးခြားအကျိုးရှိနိုင်သော ဓာတ်စာများ ဖြစ်ပါသည်။

စားသင့်သောအစာ(ဓာတ်စာ)များမှာ မန်ကျည်းသီးစိမ်း၊ မန်ကျည်းသီးမှည့်၊ ဥသျှစ်သီး၊ ဒန့်သလွန်ရွက်၊ ပျဉ်းတော်သိမ်ရွက်၊ သက်ရင်းကြီးရွက်၊ ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကြက်သွန်မြိတ်၊ ပဲစောင်းလျားသီး၊ ပဲနောက်၊ ပဲပိစပ်၊ ပဲနီလေး(ပဲရာဇာ)နှင့် စမုန်စပါးတို့ဖြစ်သည်။ ဆန်လုံးညို၊ ဆန်ကြမ်းနှင့် ဖွဲနုများကလည်း အထောက်အကူပြုသည်။

အသည်းအဆီဖုံးခြင်းအတွက် ဓာတ်စာဖြစ်သော အသီးအရွက်များကို တစ်မျိုးတည်း ရက်ရှည်လများ နေ့စဉ်စားသုံးရန်မလိုပါ။ တစ်မျိုးလျှင် တစ်ပတ် နှစ်ကြိမ်၊ သုံးကြိမ် စားသုံးပေးပါက လုံလောက်ပါသည်။ အမျိုးမျိုးကို အလှည့်ကျသော်လည်းကောင်း၊ ရာသီပေါ်အလိုက်သော်လည်းကောင်း စားသုံးသင့်သည်။

ဥပမာ-မန်ကျည်းသီးစိမ်းဆိုလျှင် အစိမ်းထောင်းစားကြသည်။ တစ်ပတ်လျှင် တစ်ကြိမ်စားပါ။ မန်ကျည်းမှည့်ဖျော်ရည်ဆိုလျှင် ဝမ်းသက်စေသဖြင့် ညနေပိုင်းတွင် သောက်သင့်သည်။ ထန်းလျက်နှင့်ဆားကို သင်ရုံထည့်သောက်ရမည်။ တစ်ပတ်လျှင် တစ်ကြိမ်သောက်သင့်သည်။

သင်္ဘောသီးအစိမ်းကို တချို့အရပ်များတွင် ဟင်းချက်စားကြသည်။ အမျှင်ကဲ့သို့ခြစ်ပြီး အစိမ်းသုပ်စားကြသည်။ အဆီကျစေသောအစာဖြစ်သည်။ သင်္ဘောသီးအမှည့်ကို နေ့စဉ်စားနိုင်သည်။ အသီးကို စားကြသော်လည်း သင်္ဘောရွက်ကို စားသူနည်းသည်။ ရှေးလူကြီးများသည် သင်္ဘောရွက်ကို မီးမြှိုက်ပြီး တို့စရာအဖြစ် စားကြသည်။ လေသက်စေသောဓာတ်စာဖြစ်သည်။ ယခုအခါ သင်္ဘောရွက်အစိမ်းကိုပြုတ်ပြီး အရည်ကို မတ်ခွက်တစ်ဝက်စာမျှ သောက်ပေးခြင်းဖြင့် အသည်းအဆီဖုံးခြင်းသာမက အစာအိမ်ရောင်သောဝေဒနာပါ သက်သာစေသည်ဟု သိရသည်။

အသည်းအဆီဖုံးခြင်းအတွက် ဒန့်သလွန်စေ့ကို စားသုံးသင့်သည်။ ဒန့်သလွန်ရွက်ကို ဟင်းချိုချက်သောက်ခြင်းသည် သွေးတိုးကျစေနိုင်သည်။ ဒန့်သလွန်ရွက်ကို ဆုံတွင်ထောင်းပြီး အရည်ညှစ်သောက်လျှင် ဟင်းစားဇွန်းနှစ်ဇွန်းစာမျှသောက်ရုံဖြင့် ထိရောက်စေသည်။ တစ်ပတ်လျှင် သုံးရက်မျှ သောက်နိုင်ပါသည်။ ဒန့်သလွန်ရွက်အရည်သည် အသည်းရော၊ နှလုံးသွေးကြောအတွက်ပါ ကောင်းမွန်စေနိုင်သည်။ မကောင်းသောအဆီကိုကျစေနိုင်သော ဓာတ်စာဖြစ်သည်။

ဥသျှစ်သီးမှာ တောနယ်များတွင် သဘာဝသရေစာဖြစ်သော်လည်း မြို့ပေါ်တွင် စားသုံးမှုနည်းသည်။ ဈေးများတွင် ရောင်းချနေသည်ကို တွေ့ရသော်လည်း ဝယ်သူနည်းသည်။ အသီး၏အနှစ်ကို စားသုံးခြင်းဖြင့် အဆီကျစေနိုင်သည်။ ထို့အတူ ဥသျှစ်ရွက်ကိုလည်း တို့စရာအဖြစ်သော်လည်းကောင်း၊ ဟင်းချိုချက်၍သော်လည်းကောင်း တစ်လလျှင် နှစ်ကြိမ်ခန့် စားပေးပါက ဝမ်းမီးတောက်စေပြီး အဆီကိုလည်း လျှော့ကျစေနိုင်သောသတ္တိရှိသည်။ အပူစာဖြစ်သဖြင့် ခံတွင်းပျက်ခြင်းကိုလည်း ကုစားနိုင်သော ဓာတ်စာဖြစ်သည်။ တုတ်၊ သန်နှင့် ဝမ်းကိုက်ပိုးကိုလည်း နိုင်သဖြင့် အသည်းသို့ ဝမ်းကိုက်ပိုးရောက်ပြီး အသည်းပြည်တည်နာဖြစ်သူများအတွက် ဆေးတစ်မျိုးဖြစ်နိုင်သည်။

ကျောက်ဖရုံသီး၊ ကျောက်ဖရုံရွက်မှာ ဝမ်းအတွင်းမှ အပူအပုပ်ကို နိုင်သည်။ အသည်းရောင်ခြင်း၊ အသည်းကြီးခြင်းကို သက်သာနိုင်သည်။ အသားဝါရောဂါကိုလည်း ပျောက်ကင်းစေသည်။

သက်ရင်းကြီးရွက်ကို ခါးနာရောဂါနှင့် အဆစ်ကိုက်၊ အဆစ်ရောင်ရောဂါများအတွက်သုံးသည်ဟုသာ လူအများသိကြသည်။ ဒဏ်ကြေစေသောသတ္တိရှိသဖြင့် အမြစ်ကိုသွေးလိမ်းလျှင် အဆစ်ရောင်ကိုက်ခဲခြင်းဝေဒနာသက်သာစေသည်။ သက်ရင်းကြီးရွက်နုများကို ရေနွေးဖြင့်ပြုတ်ကာ လက်ဖက်ကဲ့သို့ သုပ်စားနိုင်သည်။ သက်ရင်းကြီးရွက်ကို နေ့စဉ် တစ်ရွက်၊ နှစ်ရွက် တစ်လလျှင် ၁၀ ရက်ခန့်စားပေးပါက အသည်းအဆီဖုံးရောဂါကို သက်သာစေနိုင်သည်ဟု လက်တွေ့စားသုံးဖူးသူတစ်ဦးက ပြောပြ၍ သိရပါသည်။

ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကြက်သွန်မြိတ်၊ ပဲစောင်းလျားသီး၊ ပဲနောက်၊ ပဲပိစပ်၊ ပဲနီလေး(ပဲရာဇာ)၊ ဆန်လုံးညို၊ ဆန်ကြမ်း၊ ဖွဲနု စသည်များမှာ အနောက်တိုင်းဆရာဝန်များက သုတေသနပြုပြီး ပေးကြသောအဆီကျ၊ ကိုလက်စထရောကျစေသည့် ဓာတ်စာများဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အသည်းအဆီဖုံးရောဂါအတွက် အထက်ပါဓာတ်စာများကို မှန်မှန်ကန်ကန်စားသုံးပေးလျှင် ဆေးဝါးမပါဓာတ်စာဖြင့်ကုသရင်း ရောဂါဖြစ်ခြင်းမှ ကင်းဝေးကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကြည်လွင်မြင့်(မုဒြာ)**

# ဟိုပုံးမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး(DT)ထိုးနှံပေး

ဟိုပုံး အောက်တိုဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အသက်ကိုးနှစ်မှ ၁၀ နှစ်အရွယ်ကျောင်းသူများ သားအိမ်ခေါင်းကင်ဆာရောဂါကြိုတင်ကာကွယ်နိုင်ရန် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) နှင့် KG ကျောင်းသား၊ ကျောင်းသူများအား ဆုံဆို့ မေးခိုင်ရောဂါကာကွယ်ဆေး (DT) ထိုးနှံပေးခြင်းကို အောက်တိုဘာလ ၁၃ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အသက်ကိုးနှစ်မှ ၁၀ နှစ်အရွယ် ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာ၏ ရောဂါလက္ခဏာများ၊ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားပါက နောက်ဆက်တွဲဖြစ်ပွားနိုင်သည့် ရောဂါလက္ခဏာများ၊ HPV ပိုးကူးစက်ခံရပြီး သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနိုင်သည့် အချိန်ကာလများနှင့် HPV ကာကွယ်ဆေးသည် ဘေးကင်းစိတ်ချရသည့် ကာကွယ်ဆေးဖြစ်ပြီး HPV ပိုးကြောင့်ဖြစ်ပွားနိုင်သည့် ကင်ဆာရောဂါများကို ထိထိရောက်ရောက် ကာကွယ်နိုင်ကြောင်း အသိပညာပေးဟောပြောခဲ့ပြီးနောက် အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား၊ ကျောင်းသူများအား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး(DT) ဆက်လက်ထိုးနှံပေးခဲ့သည်။



ဟိုပုံးမြို့နယ်၌ ကျောင်းအခြေပြုဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးကို ကျောင်းသား၊ ကျောင်းသူ ၉၃ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို ကျောင်းသူ ၇၃ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရ လက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင် ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခုမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပြုခြင်းမပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့် ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**

---

**၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့**

**World Food Day 2025**

**"အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"**

**(Hand in Hand for Better Foods and a Better Future)**

**အောက်တိုဘာလ ၁၆ ရက်နေ့**

---

### MWD Education, Knowledge & Sports Channel

၁၄-၁၀-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၂၅ | Grade – 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၄၅ | Grade – 4 | သင်္ချာ၊ သိပ္ပံ |
| ၃။ | ၁၆:၄၅ - ၁၇:၂၀ | Grade – 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၇:၂၀ - ၁၉:၀၀ | Grade – 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

---

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂
- (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄
- (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇
- (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆
- (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

( ဂ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃- ၂၀၂၈၈၈၉
- (၂) ၀၆၃- ၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

( ဋ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

( ဌ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

( ဍ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

( ဎ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၁၀-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၁:၀၀ | သီချင်းလက်ဆောင် |
| ၅။ | ၁၂:၀၀ | ကျန်းမာသုတ |
| ၆။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၇။ | ၁၄:၀၀ | ဝေမျှဆွေးနွေး လူငယ့်အရေး |
| ၈။ | ၁၅:၀၀ | တစ်ချိန်က သူတို့အကြောင်း |
| ၉။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၁၀။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၂။ | ၁၈:၄၀ | မွေးမြူသုတ |
| ၁၃။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၆)** |

### MWD Variety Channel

၁၄-၁၀-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၅ | စကားလက်ဆုံ |
| ၂။ | ၁၁:၃၀ | စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့ |
| ၃။ | ၁၂:၄၅ | ဥပဒေမှတ်စု |
| ၄။ | ၁၆:၃၀ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |

# "မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်ပျက်ရအောင် တိုင်းရင်းသားလူမျိုးပေါင်းစုံက မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အလိုက် ထိန်းသိမ်းစောင့်ရှောက်တဲ့ပွဲဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်"

မတွယ်တာဝင်း (ရခိုင်ပြည်နယ်ကိုယ်စားပြု )ဖျော်ဖြေရေးအဖွဲ့(ဂုဏ်ပြုဆု)

**၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲကြီးကို အောက်တိုဘာလ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဖေယျာသီရိဗိမာန်၌ ကျင်းပရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအသီးသီးတွင် ပထမဆုရရှိသူများ၏ ဝမ်းသာဂုဏ်ယူဖွယ်စကားသံများကိုဖော်ပြလိုက်ရပါသည်-**



မောင်စိုင်းထွန်းဦး



မောင်ခန့်စည်ကျော်



မစုပိုပိုအောင်



မအိန္ဒြေမြင့်မိုရ်



မဖူးဖူးစံ



မတွယ်တာဝင်း

**မောင်စိုင်းထွန်းဦး (မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု) အဆိုမဟာဂီတပြိုင်ပွဲ၊ အဆင့်မြင့်ပညာ (ပထမဆု)**

ဒီဆုကို ရရှိတဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာပျော်ရွှင်မိပါတယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ယှဉ်ပြိုင်လာတာ ဒီနှစ်နဲ့ဆိုလေးကြိမ်မြောက်ရှိပြီ ဖြစ်ပါတယ်။ (၂၃)ကြိမ်မှာ ယှဉ်ပြိုင်ခဲ့တာ ဆုမရရှိခဲ့ပါဘူး။ (၂၄)ကြိမ်နဲ့(၂၅)ကြိမ်မြောက် ပြိုင်ပွဲတို့မှာ ယှဉ်ပြိုင်ခဲ့တာ ကျွန်တော် တတိယဆုရရှိခဲ့ပါတယ်။ (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာမှ ပထမဆုရရှိတာဖြစ်ပါတယ်။ မိမိရဲ့တိုင်းဒေသကြီးဂုဏ်ကိုဆောင်နိုင်ခဲ့တဲ့အတွက် ကျွန်တော်ဝမ်းသာဂုဏ်ယူမိပါတယ်။ အချိန်အတော်လေးပေးပြီး လေ့ကျင့်ကြိုးစားခဲ့ရပါတယ်။ နောင်နှစ်တွေမှာလည်း အခုလိုဆုမျိုးရရှိအောင်လို့ ကျွန်တော်ယှဉ်ပြိုင်ကြိုးစားသွားပါ့မယ်။ မျိုးဆက်သစ်လူငယ်တွေအတွက် မိမိတို့ရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အသိကိုပေးတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးလို့ကျွန်တော်မြင်မိပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**မောင်ခန့်စည်ကျော် (မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု) ထားဝယ်ရိုးရာအကအဖွဲ့၊ ပထမဆု**

ကျွန်တော်တို့အဖွဲ့က မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ယန်းအကအဖွဲ့အနေနဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က ပထမဆုရရှိတာဖြစ်ပါတယ်။ ပထမဆုရရှိတော့ အတိုင်းမသိရင်ခုန်ပျော်မိပါတယ်။ ပြိုင်ပွဲအတွက် ကျွန်တော်တို့အဖွဲ့ သေချာလေးကြိုးစားခဲ့ရပါတယ်။ တခြားတိုင်းရင်းသားရိုးရာအကနဲ့ယှဉ်ပြိုင်ရတာဆိုတော့ အခက်အခဲနည်းနည်းရှိပေမယ့် ဆရာ၊ဆရာမတွေရဲ့သင်ကြားပေးမှုကြောင့် အဆင်ပြေစွာနဲ့ယှဉ်ပြိုင်ခဲ့လို့ အခုလိုမျိုးဆုကိုရရှိတာဖြစ်ပါတယ်။ ကိုယ့်ရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကိုယ့်ရိုးရာယဉ်ကျေးမှုတွေ ကမ္ဘာတည်သရွေ့ ဒီထက်မကတိုးတက်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။

**မစုပိုပိုအောင် (ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု) အဆင့်မြင့်ပညာ(အက) တစ်ဦးချင်း (ပထမဆု)**

ကျွန်မက ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မကတော့ အဆင့်မြင့်ပညာ အက တစ်ဦးချင်းအနေနဲ့ (၂၆)ကြိမ်မြောက်မှာ ရွှေတံဆိပ်ပထမဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်မ ရွှေတံဆိပ်ရရှိခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်မရဲ့ မိဘနဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့ အားလုံးအတွက် အခုလိုမျိုးရွှေတံဆိပ်ဆုကို ယူပေးနိုင်ခဲ့တဲ့အတွက်ဝမ်းသာမိပါတယ်ရှင့်။ နောင်လာမယ့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ မျိုးဆက်သစ်လူငယ် မောင်မယ်များအားလုံး လာရောက်ယှဉ်ပြိုင်ပါလို့ပြောချင်ပါတယ်။ ကိုယ့်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံး အတွက် ဆုယူပေးနိုင်တာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုပါလို့ ကျွန်မ ပြောချင်ပါတယ်ရှင့်။ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်အဆင့်အနေနဲ့ ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**မအိန္ဒြေမြင့်မိုရ် (ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု)အခြေခံပညာ(၁၅-၂၀)အဆင့် တေးသီချင်းအရေးပြိုင်ပွဲ၊ ပထမဆု**

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို (၂၄) ကြိမ်မြောက်ကတည်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ (၂၄) ကြိမ်မြောက်မှာ ကြေးတံဆိပ်ဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးတော့ (၂၅) ကြိမ်မြောက်မှာ ရွှေတံဆိပ်ဆုကို ရရှိခဲ့ပါတယ်။ (၂၆) ကြိမ် ဒီနှစ်ကတော့ ရွှေတံဆိပ်ထပ်ဆင့် ပထမဆုကိုရရှိခဲ့တာ ဖြစ်ပါတယ်။ မိမိရဲ့မွေးရပ်မြေ တိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ ပထမဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ နောက်နှစ်ပြိုင်ပွဲကြီးမှာ ကျွန်မက အဆင့်မြင့်အနေနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဲဒီမှာလည်း ရွှေတံဆိပ်ဆုရရှိဖို့ အကောင်းဆုံးကြိုးစားသွားပါ့မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**မဖူးဖူးစံ ( ပတ္တလားပြိုင်ပွဲ အခြေခံပညာ (၁၀-၁၅) (အမျိုးသမီး) မွန်ပြည်နယ်) ပထမဆု**

ဒီနှစ် (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး ၊ အတီးပြိုင်ပွဲမှာ ပတ္တလားအတီးပြိုင်ပွဲနဲ့ ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေရရှိခဲ့ပါတယ်။ ပတ္တလားအတီးပြိုင်ပွဲမှာ ပထမဆုနဲ့ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲမှာ ဒုတိယဆုရရှိခဲ့ပါတယ်။ ဒီတစ်ကြိမ်ရောဆိုရင် သမီးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ သုံးနှစ်ရှိပါပြီ။ အရင်နှစ်တုန်းကတော့ ဒုတိယဆုပဲရရှိခဲ့တာပါ။ ဒီနှစ်မှာတော့ ပထမဆုရော၊ ဒုတိယဆုရော နှစ်မျိုးရရှိခဲ့ပါတယ်။ သမီးကိုယ်စားပြုယှဉ်ပြိုင်ခဲ့တဲ့ မွန်ပြည်နယ်အတွက်လည်း ဆုတံဆိပ်ရရှိအောင် လုပ်နိုင်ခဲ့လို့ဂုဏ်ယူပါတယ်။ ဒီနေ့ဆုပေးပွဲမှာ သမီးတတ်မြောက်ထားတဲ့ ပတ္တလားအတီးပညာရပ်ကို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေရှေ့မှာ ဖျော်ဖြေခွင့်ရလို့ အတိုင်းမသိဝမ်းသာမိပါတယ်။ ဂုဏ်လည်းယူပါတယ်။ သမီးတို့လို အနာဂတ် မျိုးဆက်သစ်တွေကိုလည်း သမီးတို့ရဲ့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို အတူတူထိန်းသိမ်းကြရအောင်လို့ ပြောချင်ပါတယ်။

**မတွယ်တာဝင်း (ရခိုင်ပြည်နယ်ကိုယ်စားပြု) ဖျော်ဖြေရေးအဖွဲ့(ဂုဏ်ပြုဆု)**

ကျွန်မတို့က ဖျော်ဖြေရေးအဖွဲ့အနေနဲ့ ဂုဏ်ပြုဆုရရှိတာဖြစ်ပါတယ်။ ဖျော်ဖြေရေးမှာ ရခိုင်ရိုးရာအကနဲ့ ဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ကျွန်မပါဝင်ခွင့်ရတဲ့အတွက်အတိုင်းမသိဂုဏ်ယူမိပါတယ်။ ပြိုင်ပွဲကြီးမှာ တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာအကအလှတွေကို မြင်ရတယ်။ ပြီးတော့ မိတ်ဆွေသူငယ်ချင်းအသစ်ကိုလည်း ခင်မင်ခွင့်ရခဲ့ပါတယ်။ အတွေ့အကြုံတွေလည်း ရရှိခဲ့ပါတယ်။ မျိုးဆက်သစ်လူငယ်မောင်မယ်များလည်း နောင်နှစ်တွေမှာ လာရောက်ယှဉ်ပြိုင်ကြဖို့ ကျွန်မ ပြောချင်ပါတယ်။ အတွေ့အကြုံတွေ၊ ဗဟုသုတတွေလည်း အများကြီးရတဲ့ပွဲလို့ပြောလို့ရပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်ပျက်ရအောင် တိုင်းရင်းသားလူမျိုးပေါင်းစုံက မိမိတို့ရဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်အလိုက် ထိန်းသိမ်းစောင့်ရှောက်တဲ့ပွဲဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ ။

**ဇော်မျိုး(မြဝတီ)၊ လဲ့ရည်လှိုင်**

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၄-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၈၄၀ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | ၄၅၀၅ | ၃၀၉၅ | ၂၈၁၅ | ၂၈၅၇ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၃၃၀ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၂၂ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၅၀၅ | ၂၆၁၅ | ၂၅၈၅ | ၂၅၁၅ | ၂၆၂၅ | ၂၆၄၀ | ၂၆၅၅ | ၂၅၇၅ | - | ၂၈၆၅ | ၂၅၉၀ | ၃၁၉၆ | ၂၆၆၅ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | - | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၈၃၉၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၆၈ | ၂၆၅၃ |
| 95 Ron | ၂၆၃၆ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၄၈ | ၂၄၂၂ |
| HSD (50 ppm) | ၂၈၈၀ | ၂၉၆၇ |
| HSD (10 ppm) | ၂၈၈၀ | ၂၉၆၇ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန် လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ထူးချွန်လူငယ်များပါဝင်သည့်လေ့လာရေးအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့်အစားခန့်ဝန်ထမ်းများ၏သား၊ သမီး ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့်အသိပညာများအတုယူလေ့လာနိုင်စေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ်သွားရောက်ကြမည်ဖြစ်ရာ အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါထူးချွန်လူငယ်များပါဝင်သည့်လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏မိဘဆွေမျိုးများကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။



ဗိုလ်မှူးကြီးမျိုးမြင့်အောင်



ဒုတိယတပ်ကြပ် ကောင်းမြတ်ကျော်



မခင်တင့်တယ်ထက်



မောင်အောင်ခန့်ကို

အဆိုပါထူးချွန်လူငယ်များပါဝင်သည့်လေ့လာရေးအဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးမျိုးမြင့်အောင် ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊ သမီးများမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ် ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦး၊ အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ ဂုဏ်ထူး ၁ ဘာသာဖြင့် အောင်မြင်သောစစ်သည် ၁ ဦးနှင့် ကျောင်းအုပ်ချုပ်မှုတာဝန်ခံ ၂ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် ၄ ဦး စုစုပေါင်း၃၄ ဦးတို့ပါဝင်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာလ ၁၈ ရက်အထိ လေ့လာရေးခရီးစဉ်ကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian Tan ပန်းခြံ၊ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး (Great Wall) နှင့် အခြားအထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သား၊ သမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သား၊ သမီးများနှင့် စစ်သည်အစားခန့် အရပ်သားအမှုထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန် လူငယ်များအား ၂၀၁၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ရာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ခေတ္တရပ်နားခဲ့ရပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ လေ့လာရေးခရီးပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်လေ့လာကြမည့် အုပ်ချုပ်သူများနှင့် မျိုးဆက်သစ်ထူးချွန် ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

**ဗိုလ်မှူးကြီးမျိုးမြင့်အောင်**
**(လေ့လာရေးအဖွဲ့ခေါင်းဆောင်)**

"အခုလေ့လာရေးခရီးသွားရမယ့်အစီအစဉ်ကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းသား၊ သမီးများထဲမှ အမှတ်အများဆုံးနှင့်လူရည်ချွန်ရရှိခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူ ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရစစ်သည်တစ်ဦး၊ အောင်ချက်အကောင်းဆုံးရရှိခဲ့တဲ့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းနှင့် တပ်မတော်ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အုပ်ချုပ်မှုအဖွဲ့ဝင်ခြောက်ဦး စုစုပေါင်း ၃၄ ဦးပါဝင်တဲ့လေ့လာရေးအဖွဲ့ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Tian an men ရင်ပြင်၊ မဟာတံတိုင်းကြီး၊ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းတိုက်၊ ကွမ်ကျိုးမြို့မှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ ကွမ်ကျိုးတာဝါ စတဲ့ အထင်ကရနေရာတွေကို သွားရောက်လည်ပတ်မှာဖြစ်ပါတယ်။ အခုလိုသွားရောက်တဲ့ခရီးစဉ်မှာ ကျွန်တော့်အနေနဲ့ အဖွဲ့ခေါင်းဆောင်အဖြစ် သွားရောက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ အခုလိုသွားရောက်ခွင့်ရရှိခဲ့တဲ့အတွက် တပ်မတော်အကြီးအကဲနှင့် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်းပြောကြားလိုပါတယ်။ ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အခုလိုလေ့လာရေးခရီးစဉ်စေလွှတ်ပေးခြင်းဖြင့် တရုတ်နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်တဲ့နည်းပညာအခြေခံစနစ်များ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုများ စတဲ့ကောင်းမွန်တဲ့အသိပညာဗဟုသုတများရရှိမှာဖြစ်ပါတယ်။ ရရှိလာတဲ့ကောင်းမွန်တဲ့အသိပညာဗဟုသုတများကို ကျောင်းသား၊ ကျောင်းသူတွေရဲ့ အနာဂတ်အတွက်များစွာအထောက်အကူပြုမယ်လို့ယုံကြည်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် ကောင်းမွန်တဲ့အသိအမြင်ဗဟုသုတများရရှိကာ နိုင်ငံတော်နှင့် တပ်မတော်ကအားထားရတဲ့ အရည်အချင်းပြည့်ဝတဲ့ သားကောင်းရတနာ သမီးကောင်းရတနာများအဖြစ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ယုံကြည်မိပါတယ်"ဟုပြောသည်။

**ဒုတိယတပ်ကြပ် ကောင်းမြတ်ကျော်**
**(တစ်ဘာသာဂုဏ်ထူးရှင်)**

"ကျွန်တော်က ပညာရေးကျောင်းကနေ တစ်ဘာသာဂုဏ်ထူးနဲ့အောင်မြင်ခဲ့ပါတယ်။ စစ်သည်တစ်ယောက်အနေနဲ့ ကြိုးစားရတာအပြင်ကျောင်းတွေလိုမျိုးမဟုတ်ပါဘူး။ တပ်မတော်သားတစ်ယောက်ရဲ့တာဝန်တွေလည်း ကျေပွန်အောင်ဆောင်ရွက်ရတယ်။ အဲဒီလို ရတဲ့အချိန်တွေထဲကနေ စာကို မနားမနေကြိုးစားကျက်မှတ်ခဲ့တာပါ။ ကျောင်းမှာသင်ကြားပေးတဲ့ သင်ခန်းစာတွေကို ကြိုးစားသင်ယူပါတယ်။ ညဘက်ရောက်တဲ့အခါမှာလည်း မအိပ်ဘဲ ညဉ့်နက်တဲ့အထိ လေ့လာကျက်မှတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကို လေ့လာရေးခရီးသွားရောက်လည်ပတ်ခွင့်ရတဲ့အတွက် အရမ်းဂုဏ်ယူဝမ်းသာမိပါတယ်။ လေ့လာရေးခရီးစီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အထူးကျေးဇူးတင်ရှိပါတယ်"ဟုပြောသည်။

**မခင်တင့်တယ်ထက်**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

"ခြောက်ဘာသာဂုဏ်ထူးရဖို့အတွက် တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် စာကိုကြိုးစားခဲ့ရပါတယ်။ ငယ်ငယ်ကတည်းက ဆရာဝန်ဖြစ်ချင်တယ်ဆိုတဲ့ အိပ်မက်နဲ့ တစိုက်မတ်မတ် ကြိုးစားခဲ့တာလည်းဖြစ်ပါတယ်ရှင့်။ အခုလိုဂုဏ်ထူးရတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေက တရုတ်နိုင်ငံကို လေ့လာရေးစေလွှတ်ပေးတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်ရှင့်။ တရုတ်နိုင်ငံရဲ့ယဉ်ကျေးမှုတွေ၊ အစားအသောက်တွေ၊ လူမျိုးတွေအားလုံးကို လေ့လာရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေမိပြီး သူငယ်ချင်းတွေအတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်ရှင့်။ အခုလိုလေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနဲ့တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ရှင့်။ အနာဂတ်ရည်မှန်းချက်က ဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်ရှင့်။ ဒီလိုဆရာဝန်တစ်ယောက်ဖြစ်ဖို့ကိုလည်း အခုချိန်ကတည်းက ကြိုးစားနေပါတယ်"ဟုပြောသည်။

**မောင်အောင်ခန့်ကို**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**

"တစ်နှစ်ပတ်လုံး စာကိုအစဉ်မပြတ်ဘဲ တစ်နေ့စာတစ်နေ့ပုံမှန်ကျက်မှတ်ပါတယ်။ ဆရာ၊ ဆရာမတွေ သင်ကြားပြသမှုတွေကို သေသေချာချာ လိုက်နာမှတ်သားတယ်။ မေးခွန်းဟောင်းတွေကို အထပ်ထပ်အပြန်ပြန် လေ့ကျင့်တယ်။ စာကိုပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ကြိုးစားကျက်မှတ်ပါတယ်။ ကျွန်တော်တို့ကြိုးစားမှုတွေ အရာထင်လာအောင်အသိအမှတ်ပြုပြီးတော့ လေ့လာရေးခရီးစေလွှတ်ပေးတဲ့အတွက်လည်း အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခုလို တရုတ်နိုင်ငံကို လေ့လာရေးခရီးစေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တာဝန်ရှိသူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော် ရန်ကုန်နည်းပညာတက္ကသိုလ်မှာ ပညာဆက်လက်သင်ကြားပြီး အင်ဂျင်နီယာဘွဲ့ယူပါမယ်။ ပြီးရင် Ph.D ဘွဲ့အထိရအောင် ကြိုးစားသွားမှာပါ"ဟုပြောသည်။

(၁၀၀)

# မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာ နှစ်ပေါင်းရှည်ကြာတည်စေရာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

ကျောင်းသား၊ ကျောင်းသူများ၏ သွက်လက်ဖျတ်လတ်သော ဆိုဟန်၊ ကဟန်၊ တီးဟန်များကိုမြင်တွေ့ရသည်မှာ ရင်ဝယ်ကြည်နူးနှစ်သိမ့်စေသည်။ အံ့သြမိသလို ချီးကျူးဂုဏ်ယူစရာလည်း ကောင်းလှသည်။ အရေးပညာရပ်တွင်လည်း တော်လှပါသည်။ ကျောင်းပညာသင်ကြားရင်း အခြားတစ်ဖက်မှာ မိမိဝါသနာပါသည့် မြန်မာ့အနုသုခုမပညာရပ်များကို သင်ကြားတတ်မြောက်ကြသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ဝါသနာနှင့် ကြိုးစားမှုရှိခြင်းကြောင့်သာ တတ်မြောက်လာကြခြင်းဖြစ်သည်။ သူတို့လေးတွေသည် အနုပညာနှင့် ပတ်သက်လာ၍ ထူးချွန်စွာတတ်မြောက်ခဲ့သည်ဟုဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ဘက်များကို အနိုင်ယူကာ ဗဟိုအဆင့်သို့တက်ရောက်လာနိုင်သည်မှာ ထူးချွန်ထက်မြက်၍သာဖြစ်သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အောက်တိုဘာလ ၇ ရက်နေ့တွင် စတင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဆုပေးပွဲချီးမြှင့်ခြင်းဖြင့် အောင်မြင်စွာပြီးမြောက်ပြီဖြစ်သည်။ မြန်မာ့အနုသုခုမပညာရပ်များမှာ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသူများ၏ကျေးဇူးကြောင့် ယနေ့တိုင် ခိုင်မာစွာရပ်တည်နေခြင်းဖြစ်သည့်အတွက် မိမိတို့အား သင်ကြားပြသပေးသော ဆရာ၊ ဆရာမများ၏ဂုဏ်ကျေးဇူးကို အထူးလေးစားစွာ သတိရနေရမည့်အပြင် ဆရာသမားများ၏ကျေးဇူးကို လေးစားတန်ဖိုးထားသည့်အနေဖြင့် မိမိနှင့်သက်ဆိုင်ရာပညာရပ်များတွင် ထွန်းပေါက်အောင် ကြိုးစားကြပြီး အနာဂတ်တွင် ပညာရှင်များအဖြစ် ရပ်တည်နိုင်ကြရမည်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို မချစ်သူသည် မည်သည့်အရာကိုမှလည်း အလေးအနက်ထားကာ ချစ်နေမည်မဟုတ်ပေ။ တိုင်းတစ်ပါးယဉ်ကျေးမှုကို လေ့လာသိရှိသင့်သော်လည်း စွဲလမ်းနေရမည့်အရာမဟုတ်သကဲ့သို့ မိမိတို့ယဉ်ကျေးမှုကိုရောစပ်ခြင်းမျိုးကိုလည်း လက်ခံရမည်မဟုတ်ပေ။ ဇာတိမာန်သီချင်းသီဆိုသံကို ချစ်ခင်မြတ်နိုးသူများ ရှိနေကြရန်လိုအပ်သည်။ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင်ရှိနေကြသည့်စိတ်ဓာတ်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်ရှိနေမှသာ နိုင်ငံနှင့်လူမျိုးအရှည်တည်တံ့နေမည်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်ရှိနေရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မြတ်နိုးတန်ဖိုးထားနေကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာ့ရိုးရာအနုသုခုမပညာရပ်များကို ခက်ခဲစွာသင်ယူတတ်မြောက်ထားကြသည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသည့်စိတ်ရှိနေ၍သာဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်




(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြားစဉ် **“တာဝန်ရှိသူများနှင့် အနုပညာရှင်များကို တိုက်တွန်းပြောကြားလိုသည်မှာ မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများခိုင်ခိုင်မာမာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်အစဉ်ထာဝရ နိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ လွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်”**လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များမှာ ပညာရှင်များ၊ ပညာသင်ယူသူများအားလုံးက အစဉ်အမြဲ အလေးအနက်ထား ကျင့်သုံးရမည့် လမ်းညွှန်ချက်ဖြစ်သည်။ အနုပညာအမွေအနှစ်ကို စဉ်ဆက်မပြတ်လက်ဆင့်ကမ်းထိန်းသိမ်းကြရမည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင်ထိန်းသိမ်းစောင့်ရှောက်ခဲ့မှုနှင့် ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျလှသည်။ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့်ကျေးဇူးများကြောင့်ဖြစ်သည်။ ကျေးဇူးသိတတ်သောအားဖြင့်ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ မျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သည့်နိုင်ငံဖြစ်သည့်အလျောက် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံနှင့်ယဉ်ကျေးမှုအနုသုခုမများကလည်း ကွဲပြားခြားနားများပြားလှသည်။ ပြိုင်ပွဲများတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ရိုးရာအကများကို နှစ်စဉ်မဲကျရာအလိုက် ယှဉ်ပြိုင်စေလျက်ရှိသည်။ ယခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အလှည့်ကျသည်မှာ တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ “ယန်းအက”ဖြစ်သည်။ အဆိုပါ ယန်းအကကို တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲဝင်အားလုံးက ယှဉ်ပြိုင်ကပြစေခြင်းဖြင့် ယဉ်ကျေးမှုချင်းကူးလူးယှက်နွယ်နှစ်သက်ဖွယ်ဖြစ်စေသည်။

တိုင်းရင်းသားအားလုံး၏ အကများမှာ တစ်ခုနှင့်တစ်ခုကွဲပြားခြားနားသကဲ့သို့ရှိသော်လည်း အားလုံးတွင် တူညီသည်မှာ “စည်းနှင့်ဝါး”ကို အခြေခံသည့် “ခေါင်း၊ ခါး၊ ခြေ၊ လက်”အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြရခြင်းမှာ တူညီသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားအားလုံး၏ အကများသည် တူညီသည့်အခြေခံအတွင်း၌ ဆင့်ပွားတည်ရှိနေခြင်းဖြစ်ကြောင်းသိရှိနိုင်သည်။ ပြည်ထောင်စုတိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြသူများဖြစ်သည်။ ထို့ပြင် ထုထည်ပမာဏကြီးမားခိုင်ခံ့သည့်မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်များကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြောင်းကို သမိုင်းအထောက်အထားများအရသိရှိကြပြီးဖြစ်သည်။ အဆိုပါမြန်မာ့ရိုးရာယဉ်ကျေးမှုများကို လူငယ်မျိုးဆက်သစ်အဆက်ဆက်က ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ထိုသို့စောင့်ရှောက်နိုင်စေရန်အတွက် နိုင်ငံတော်အဆင့်ပြိုင်ပွဲများကျင်းပပေးနေခြင်းဖြစ်သည်။

မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာကြည့်လျှင် မြန်မာတို့၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဉာဏ်ပညာတို့ မနိမ့်ကျခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယဉ်ကျေးမှုဟူသောစကားရပ်ကို မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်မှာ “သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသော လူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့်ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်းစသည်” ဟူ၍ဖွင့်ဆိုထားသည်။ ကမ္ဘာတွင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်ဂီတဟူ၍ ပေါ်ပေါက်လာပြီး ယနေ့ထိတိုင်ခိုင်မြဲနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၎င်းတို့နှင့်ဆက်စပ်နေသည့် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်စာပေ၊ ဂန္ထဝင်ဂီတဆိုသည်မှာ ပေါ်ပေါက်ခဲ့သည်။ ထိုသို့ပေါ်ပေါက်ခဲ့သည်မှာ မြန်မာတို့က နောက်ကျမှပေါ်ပေါက်ခဲ့ခြင်းမျိုးမဟုတ်ပေ။

စန္ဒရားလှထွဋ်ရေးသားခဲ့သည့် မြန်မာ့ဂီတရေစီးကြောင်းစာအုပ်တွင် ကမ္ဘာနှင့် မြန်မာတွင် ဂန္ထဝင်ဂီတပေါ်ထွန်းခဲ့သည့် ခေတ်တစ်ခေတ်ရှိကြောင်း ဖော်ပြထားသည်။ အဆိုပါခေတ်မှာ ၁၈ ရာစုနှစ်အစောပိုင်းကာလ၊ ဒုတိယအင်းဝခေတ်ဟု သတ်မှတ်သည့် ညောင်ရမ်းခေတ် ၁၇၁၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် စာဆိုတော်ဝန်ကြီးပဒေသရာဇာက ထံတျာတေရှင် အစချီကြိုးသီချင်းများ၊ တျာချင်းများ ရေးသားပြုစုနေချိန်၌ ဂျာမနီက ဂီတပညာရှင်ဘာ့(ခ်) (၁၆၈၅-၁၇၅၉)က God is My King အမည်ရှိတေးဘွဲ့ကြီးကို သီကုံးနေချိန်ဖြစ်သည်။

၁၇၂၅ ခုနှစ်ဝန်းကျင်တွင် ဆီသည်ရွာစားဦးအောင်ကြီးက “အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတားစပ်ဆိုနေချိန်၌ အင်္ဂလန်က ဂီတပညာရှင်ဟင်ဒယ်လ်က သိမ်းမြစ်တွင် ဘုရင်ရေဆင်းပွဲသဘင်ကျင်းပသည့် “ရေဇလာဂီတ” Water Music ကို သီကုံးနေသည်။ ၁၇၈၀ ပြည့်နှစ်ခန့်တွင် ဂျာမန်ဂီတပညာရှင် မိုးဇက်က “မှော်ပလွေ” အော်ပရာကိုရေးသားနေချိန်၌ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံက “မဲဇာတောင်ခြေ” ရတုကြီးကိုရေးသားနေပြီဖြစ်သည်။ ၁၉ ရာစုအစောပိုင်းဖြစ်သည့် ၁၈၀၀ ပြည့်နှစ်လွန် အချိန်များတွင် ဂျာမန်ဂီတပညာရှင်ဘေသိုဗင်က နပိုလီယံစစ်ချီတက်ပုံကိုရေးဖွဲ့သည့် “ရဲစိတ်ရဲမာန်”တေးဘွဲ့ကြီးကို ရေးနေချိန်တွင် မြဝတီမင်းကြီးဦးစက “သာဆန်းရဂုံဘွဲ့” ပတ်ပျိုးကြီးကို ရေးဖွဲ့နေသည်။

၁၈၄၀ ပြည့်နှစ်ကာလများက ပိုလန်စန္ဒရားပညာရှင် “ရှိုပင်”က “ညဥ့်ယံတေးများ”ဆိုသည့် တေးဘွဲ့ကြီးကို ရေးစပ်နေချိန်တွင် အနောက်နန်းမိဖုရားမခြေလေးက “ချစ်သမျှကို”ဂန္ထဝင်ပတ်ပျိုးကြီးကို ရေးသားနေချိန်ဖြစ်သည်။ ထို့ကြောင့် ဆိုလိုချင်သည်မှာ ကမ္ဘာတွင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်ဂီတဟူ၍ပေါ်ပေါက်ပြီး ယနေ့တိုင်ခိုင်မြဲနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၎င်းတို့နှင့်ခေတ်ပြိုင် ဂန္ထဝင်အနုပညာ၊ ဂန္ထဝင်စာပေ၊ ဂန္ထဝင်ဂီတဆိုသည်များပေါ်ပေါက်ခဲ့ကာ ရှေးနှစ်ပေါင်းများစွာမှယနေ့ထက်တိုင် ခိုင်မြဲစွာတည်ရှိနေဆဲဖြစ်သည်ကို တင်ပြလိုခြင်းဖြစ်သည်။

မြန်မာတို့၏ဂီတအနုသုခုမပညာရပ်များမှာ ကိုယ်ပိုင်အနုပညာရပ်များဖြစ်သည်။ ကိုယ်ပိုင်ဟုဆိုရာတွင် မိမိကိုယ်တိုင်အားထုတ်ဖန်တီးမှုဖြင့် မွေးဖွားရသည့် အနုလက်ရာပစ္စည်းဖြစ်သောကြောင့် ပုဂ္ဂလသဘောအရ ကိုယ်ပိုင်ဖြစ်သည်ဟုဆိုလိုသည်သာမက မိမိတိုင်းပြည်၏ အနုပညာပစ္စည်းလည်းဖြစ်သည်ဟူသောသဘောကို ရည်ညွှန်းသည်။ သို့ဖြစ်၍ ဂီတအနုသုခုမပညာရပ်များသည် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုဖြစ်သည်။ အနုပညာသည် လူတိုင်းခံစားသောအရာဖြစ်သည်။ ကမ္ဘာတစ်ဝန်းက လူသားတိုင်းခံစားနားလည်နိုင်သောအနုပညာတို့ကို ရသမြောက်ဖန်တီးစေစားနိုင်စွမ်းရှိလျှင် ကမ္ဘာကနှစ်သက်လက်ခံမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာရပ်များမှာ ဖန်တီးမှုစွမ်းအားကောင်းလျှင်ကောင်းသလောက် ပရိသတ်ရင်ထဲစွဲမြဲခဲ့သည်။ မြန်မာတို့၏ မဟာဂီတသည် **စာမျက်နှာ ၁၃ သို့ ➤**

➤ စာမျက်နှာ ၁၂ မှအဆက်

ခက်ခဲနက်နဲသိမ်မွေ့လှသည်။ လူတိုင်းမတတ်သည့်ပညာရပ်ဖြစ်သော်လည်း ယနေ့ကျောင်းသား၊ ကျောင်းသူလူငယ်များတတ်ကျွမ်းအောင် လေ့လာသင်ယူနိုင်သည်မှာ ချီးကျူးဖွယ်ဖြစ်သည်။ ဂုဏ်ယူဖွယ်လည်းဖြစ်သည်။ ကျေးဇူးတင်စရာလည်းကောင်းသည်။ သူတို့လေးတွေ၏ မဟာဂီတကိုမြတ်နိုးတန်ဖိုးထားစိတ်ကြောင့် မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များ မတိမ်ကော၊ မပပျောက်ခြင်းဖြစ်သည်။ ထိုအထဲတွင် နိုင်ငံတော်ကဦးဆောင်၍ (၂၆)ကြိမ်မြောက်သို့တိုင်အောင်ပြိုင်ပွဲကြီးကျင်းပပေးလျက်ရှိသည်မှာ ကျောင်းသား၊ ကျောင်းသူများအပါအဝင်အနုပညာမြတ်နိုးတန်ဖိုးထားသူများအတွက် ကြီးမားသောအခွင့်အရေးကောင်းကြီးတစ်ခုဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၂၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“သမိုင်းအစဉ်အဆက်ဆက်ထိန်းသိမ်းအမွေဆက်ခံလာခဲ့သည့်အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကို ပိုမိုအခြေခိုင်ခံ့ အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်မြှင့်တင်ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသားပြည်သူများဇာတိသွေးဇာတိမာန်မြင့်မားရေးနှင့် မြန်မာ့ရိုးရာအမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက်လွှမ်းမိုးမှုကို ကာကွယ်တားဆီးပေးကြရန်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး စသည့်စိတ်ဓာတ်ရေးရာအခြေခံများ တိုးတက်ရင့်သန်ခိုင်မာမြင့်မားစေရအောင် ယဉ်ကျေးမှုအနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်ပေးကြရန်ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်း”**ဟူ၍ နိဂုံးချုပ်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ်တွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ဟူ၍ အဆင့်သုံးဆင့်သတ်မှတ်ယှဉ်ပြိုင်ကြသည်။ အဆိုပြိုင်ပွဲတွင် မဟာဂီတ၊ ခေတ်ဟောင်းတေး၊ ကာလပေါ်တေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းများကိုလည်းကောင်း၊ အကပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအက၊ အခြေခံကဗျာလွတ်အက၊ ယိမ်းအကနှင့် တိုင်းရင်းသားရိုးရာအက၊ ကျေးလက်ရိုးရာအကပြိုင်ပွဲများကိုလည်းကောင်း၊ အရေးပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်အမျိုးသား၊ အမျိုးသမီးနှင့် အခြေခံပညာအဆင့်အသက် ၁၅ နှစ်မှ ၂၀ နှစ်အထိအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများကိုလည်းကောင်း၊ အတီးပြိုင်ပွဲတွင် စောင်း၊ စန္ဒရား၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့လိုက်၊ နှဲ၊ ပလွေ၊ အိုးစည်နှင့်ဒိုးပတ်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာတို့၏အဆို၊ အက၊ အရေး၊ အတီးဟူသော မြန်မာ့ရိုးရာယဉ်ကျေးမှုပညာရပ်များကို သမိုင်းမှတ်တမ်းများတွင် အစောဆုံးတွေ့ရသည်မှာ ပျူခေတ်ဖြစ်သည်။ မြန်မာတို့၏ သရေခေတ္တရာမြို့ပြနိုင်ငံသည် ယဉ်ကျေးမှုမြင့်မားခဲ့ပြီး တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့နှင့် ဆက်သွယ်ရာ ပိုးလမ်းမကြီးလမ်းကြောင်းပေါ်တွင် တည်ရှိသည်။ အေဒီ ၈၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ခေါင်းဆောင်သော ချစ်ကြည်ရေးသံတမန်အဖွဲ့နှင့်အတူ ယဉ်ကျေးမှုဂီတအနုပညာအဖွဲ့သည် ထန်ဧကရာဇ်နိုင်ငံ၊ ချန်အန်းမြို့သို့သွားရောက်ခဲ့သည်။ ပျူမင်းသားသုနန္ဒသည် သရေခေတ္တရာမှတောင်တွင်းကြီး၊ ပင်လယ်(မိုင်းမောမြို့ဟောင်း၊ ကူမဲမြို့အနီး) သီပေါ၊ ကျူကုန်၊ ဝမ်တိန်း၊ ကျဲဖန်၊ လုန်လိန်၊ ပေါင်းရှန်၊ တာလီသို့လည်းကောင်း၊ တာလီတွင် နန်စောဘုရင် ယီမိုယွန်၏စီစဉ်ပေးမှုအရ စကားပြန်များနှင့်အတူ အန်းနင်မြစ်ဝှမ်းလမ်းကြောင်းအတိုင်းသွားရောက်၍ ချင်တူသို့လည်းကောင်း၊ ချင်တူတွင် စီချွမ်ဘုရင်ခံဝေကောင်းနှင့်တွေ့ဆုံပြီး ချန်အန်းမြို့သို့ သွားရောက်ခဲ့ရာ ထန်ဧကရာဇ်ထယ်ကျုံးက လှိုက်လှဲစွာကြိုဆိုခဲ့သည်။

ပျူဂီတအနုပညာအဖွဲ့သည် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် တူရိယာ ငါးမျိုးဖြင့် ဗုဒ္ဓ၏ တံဆိပ်တော်(ပျူအမည်မော့ထော်မီ)၊ လက်ပံပန်းချီးမွမ်းခန်း(ပျူအမည်-လုန်မန်တိ)၊ ခိုဖြူ(ပျူအမည်-တာတူး)စသည်ဖြင့် တေးသီချင်း ၁၂ ပုဒ်သီဆို၍ ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ဖျော်ဖြေတင်ဆက်ပုံ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ဒူးကိုဖုံးလွှမ်းထားသည့် ဝါဂွမ်းနှင့်ရက်လုပ်ထားသော အနီရင့်ရောင်ချည်ပိတ်ပါးဝတ်စုံများကိုဝတ်ဆင်ကြပုံ၊ ပခုံးနှစ်ဖက်အပေါ်မှ ချိုင်းကြားအောက်သို့လျှိုပြီးလွှမ်းထားပုံ၊ ကျောက်မျက်များဖြင့် စီတပ်ထားသောလက်ကောက်၊ လက်ကြပ်နှင့်ခြေချင်းများကိုဝတ်ဆင်ထားပုံ၊ ရွှေဦးပေါင်းကို ဆောင်းထားပုံ၊ အစီအစဉ်တစ်ခုပြီးဆုံးလျှင် အကပညာသည်များက ဦးညွှတ်၍ ကန်တော့ပုံတို့ကို ထန်မင်းဆက်သမိုင်းသစ်နှင့်ထန်မင်းအုပ်ချုပ်ပုံစာတမ်းများတွင် မှတ်တမ်းတင်ထားသည်။

မြန်မာတို့တွင်လည်း မှတ်တမ်းမှတ်ရာများရှိနေမည်ဖြစ်သော်လည်း နယ်ချဲ့အင်္ဂလိပ်တို့မန္တလေးနန်းတော်ကြီးကိုသိမ်းပိုက်ပြီးချိန်၌ပေ၊ ပုရပိုက်များအပါအဝင်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခဲ့သည်မှာ ရက်သတ္တတစ်ပတ်မကကြာခဲ့သည်။ ဤတွင် တန်ဖိုးကြီးမားသောစာပေများ၊ မှတ်တမ်းများပါဝင်သွားခဲ့သည်။ ထို့ကြောင့် မြန်မာတို့အနေဖြင့် ပျူခေတ်မှတ်တမ်းစာပေများ အားနည်းခြင်းဖြစ်ပေလိမ့်မည်။ ခေတ်အဆက်ဆက်ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံသူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ဖိနှိပ်ချိုးနှိမ်မှုများကိုခံခဲ့ရသည်။ သို့သော် မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းပေးခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာ့ရိုးရာသွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက်ဆက်လက်ဖြစ်ထွန်းနေသည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်သည်။

ထို့ကြောင့် ရှေးကစတင်တီထွင်ခဲ့သော အနုပညာရှင်ကြီးများ၊ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့သော အနုပညာရှင်ကြီးများ၊ ယနေ့လက်ဆင့်ကမ်းသယ်ယူနေသည့်အနုပညာဝါသနာရှင်၊ ပညာရှင်များနှင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူအပေါင်းကို ကျေးဇူးတင်ပါသည်။ ကျောင်းသား၊ ကျောင်းသူအရွယ်မှစတင်ကာ အနုသုခုမပညာရပ်များကို ဝါသနာပါပါလေ့လာလိုက်စားလျက်ရှိသည်ကိုလည်း ဝမ်းသာမိပါသည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအားလုံးကိုလည်းချီးကျူးသည်။ ထို့အတူ ဆုမရရှိသေးသူများအနေဖြင့်စိတ်ပျက်အားငယ်ခြင်းမရှိဘဲ ပိုမို၍ကြိုးစားအားထုတ်မှုဖြင့် လာမည့်နှစ်ပြိုင်ပွဲများတွင် ဆုများရရှိပါစေကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်များကို အလေးအနက်ထား လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ယဉ်ကျေးမှုအနုပညာချစ်စရာ

❖ မြန်မာ့ရိုးရာ ယဉ်ကျေးမှု
အစဉ်ရှေးရှု ဆောင်ရွက်နေ။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး
တွေးလျက်ပါပေ။
ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်စေ
ပြိုင်ပွဲတွေ ကျင်းပပေး။
လူငယ်တွေ အမျိုးကိုချစ်မှ
မျိုးစစ်မယ်လေး။

❖ အနုပညာ မျိုးဆက်သစ်
ဖွေရှာစစ် ပြိုင်ပွဲနော်။
မြန်မာ့ရိုးရာ အဆို အက အရေး အတီး
အံ့ချီးပွဲတော်။
(၂၆)ကြိမ်မြောက် ရောက်ပြီနော်
နိုင်ငံတော် ဦးဆောင်ပြု။
ယဉ်ကျေးမှု မကွယ်ပျောက်အောင်
စောင့်ရှောက်လိုမှု။

❖ ပြိုင်ပွဲတွင် ပါဝင်ကြ
ချစ်စရာ့ မောင်မယ်တွေ။
မြန်မာဟန် မြန်မာ့ဂီတ
စွမ်းရည်ပြမလေ။
သင်တိုင်းမတတ်တဲ့ ပညာပေ
ရှေးအမွေ ဆက်ကာထိန်းလို့။
နည်းစနစ်မှန် ရိုးရာအလှကို
ဆိုတီးကစို့။

❖ ပြည်မြန်မာ ဂုဏ်ရှိန်တိုးဖို့
မျိုးချစ်စိတ် အခြေခံ။
ကိုယ့်ရိုးရာ ကိုယ်ချစ်မှ
အစစ်အမှန်။
ဇာတိသွေး ဇာတိမာန်
ရှင်သန်ကာ ထက်မြက်ရေး။
အပြုံးတွေ အစဉ်လှစေဖို့
ထိန်းကြစို့လေး။ ။

**အာကာမောင်မောင်**

# မြိတ်မြို့နယ်၌ ဆီအုန်းပင်တွင် ကျရောက်သောရောဂါများနှင့် အာဟာရဓာတ်ချို့တဲ့မှုလက္ခဏာများ စစ်တမ်းကောက်ယူခြင်းသင်တန်းဖွင့်

မြိတ် အောက်တိုဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ရွှေဒူးကျေးရွာ နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာန(မြိတ်)ရုံး၌ အောက်တိုဘာလ ၁၃ ရက်က ဆီအုန်းပင်တွင် ကျရောက်သောရောဂါများနှင့် အာဟာရဓာတ်ချို့တဲ့မှုလက္ခဏာများ စစ်တမ်းကောက်ယူခြင်းသင်တန်းဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မြိတ်)မှ တာဝန်ခံ ဒေါ်ဌေးဌေးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးရလဒ်များရရှိခြင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးတို့က သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်ကြသည်။

အဆိုပါသင်တန်းကို မြိတ်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ/ခြံတို့မှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး စိုက်ပျိုးရေးပညာရှင်နည်းပြဆရာ၊ ဆရာမ ခုနစ်ဦးက သင်တန်းကာလငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ (၄၁၂)

# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ယုတ္တိမရှိသည့်စွပ်စွဲမှုများ ကန့်ကွက်ပယ်ချ

ဂျီနီဗာမြို့တွင် ၈-၉-၂၀၂၅ ရက်မှ ၈-၁၀-၂၀၂၅ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏(၆၀)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ အစီရင်ခံစာနှင့်မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရားဆိုသည့်အဖွဲ့၏ အစီရင်ခံစာတို့အပေါ် ပေါင်းစပ်အပြန်အလှန်ဆွေးနွေးမှုကို ပြုလုပ်ခဲ့ပါသည်။ ယခုအကြိမ်တွင်လည်း ယခင်အကြိမ်များနည်းတူ သက်ဆိုင်သည့်နိုင်ငံမှ ကိုယ်စားလှယ်အား ပါဝင်ခွင့်မပြုဘဲ ကျင်းပခဲ့ခြင်းသည် လူ့အခွင့်အရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့် သွေဖည်လျက်ရှိသည်။

လူ့အခွင့်အရေးကောင်စီ၏ဆွေးနွေးမှုများနှင့် အစီရင်ခံစာများတွင် စိစစ်အတည်ပြုနိုင်ခြင်းမရှိသောအချက်အလက်များကို အများအားဖြင့်အသုံးပြုထားပြီး မြန်မာအစိုးရအပေါ် ထပ်တလဲလဲစွပ်စွဲချက်များသာပါဝင်နေသည်ကို တွေ့ရှိရသည်။ ဤကဲ့သို့သော စိစစ်အတည်ပြု၍မရသော ယုတ္တိမရှိသည့်အချက်အလက်များကိုအခြေခံကာ အခြေအမြစ်မရှိသောစွပ်စွဲချက်များကို အကြိမ်ကြိမ်ထပ်တလဲလဲပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ကုလသမဂ္ဂ၏လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးမျက်နှာစာတွင် အရေးကြီးဆုံးသောယန္တရားတစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုတွင်ဖြစ်ပေါ်နေသောအခြေအနေများကို လက်တွေ့ကျကျ ဘက်လိုက်မှုကင်းကင်းဖြင့် ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သုံးသပ်ခြင်းမပြုဘဲ ဘက်လိုက်ပြီး တစ်ဖက်စောင်းနင်းသောအချက်အလက်များကိုသာ အမှန်အဖြစ်ယူဆကာ ဆောင်ရွက်နေဆဲဖြစ်သည်ကို သတိပြုမိသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့သော အခြေအမြစ်မရှိသည့်စွပ်စွဲချက်များနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့်ဆွေးနွေးချက်များကို ပြတ်သားစွာကန့်ကွက်ပယ်ချပြီး နိုင်ငံတော်က ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများကို မျက်ခြည်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်မှစ၍ အဆင့်ဆင့်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲရလဒ်အရ အနိုင်ရရှိလာမည့် နိုင်ငံရေးပါတီထံသို့ နိုင်ငံ့တာဝန်ကို ပခုံးလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးတို့ကို ဆက်လက်ဆောင်ရွက်လျက် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို မြှင့်တင်ကာကွယ်သွားမည်ဖြစ်ကြောင်း ထပ်လောင်းဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂-၁၀-၂၀၂၅ ရက်နေ့ကပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၉-၆-၂၀၂၅ ရက်နေ့မှ ၅-၉-၂၀၂၅ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့်ပုံနှိပ်ခြင်းလုပ်ငန်းတစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၃၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းနှစ်ဦး ပေါင်း ၄၆ ဦးအား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၇၀၀၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၅၉၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၃ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၇၀၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြင်ဦးလွင်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။



ဦးစွာ ခရိုင်နှင့်မြို့နယ်ရုံးများမှ တာဝန်ခံအရာရှိများနှင့်ဝန်ထမ်းများက လုပ်ငန်းတာဝန်ထမ်းဆောင်မှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသအား နိုင်ငံတော်က ခရီးသွားမြို့တော်၊ အားကစားမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော်၊ စံပြမြို့တော်အဖြစ် ဖော်ဆောင်ရာတွင် မိမိတို့ဝန်ထမ်းများအနေဖြင့် ရောက်ရှိတာဝန်ထမ်းဆောင်သည့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိတို့ဆောင်ရွက်ရသည့်လုပ်ငန်းများကို ဆန်းသစ်သည့်အတွေးအခေါ်များ၊ အကြံဉာဏ်ကောင်းများပေးနိုင်ရန် အစဉ်အမြဲကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားပြီး ရုံးတာဝန်ခံအရာရှိများနှင့် ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချမ်းမြသာစည်မြို့နယ် အားကစားကွင်းသို့သွားရောက်၍ ဘောလုံးကွင်းရေစိမ့်မြောင်းများနှင့်ရေဖျန်းစနစ် (Sprinkler)များ ကောင်းမွန်စေရေး၊ ဘောလုံးကွင်းဂိုးတိုင်၊ ဂိုးပိုက်များနှင့် Coner တိုင်များ စနစ်တကျတပ်ဆင်ထားရှိရေး၊ ရေလုံလောက်စွာရရှိစေရေးနှင့် ရေလိုင်း မီးလိုင်းများကောင်းမွန်စေရေးတို့အတွက် ရေစင်တည်ဆောက်ထားရှိမှုအခြေအနေ၊ မိုးလုံလေလုံအားကစားရုံရေရှည်တည်တံ့စေရေး၊ ခိုငှက်များမဝင်ရောက်နိုင်စေရေး သံဆန်ခါများဖြင့်ကာရံသွားရန်နှင့် ပြည်သူများ လာရောက်လေ့ကျင့်ကစားနိုင်စေရေးတို့အတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီနေရပ်စွန့်ခွာသည့် ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအငြိမ်းစားများနှင့်ပြည်သူများအားတွေ့ဆုံ၍ လတ်တလောနေထိုင်၊ သွားလာ၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် အားကစားပစ္စည်းများနှင့် လိုအပ်သည်များကို ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မိုင်းဆတ်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲဆန္ဒရှင်အသိပညာပေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးနှင့် ဦးမျိုးမောင်တို့သည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအစည်းအဝေးခန်းမ၌ မိုင်းဆတ်မြို့နယ်အတွင်းရှိ ပထမအကြိမ်အဖြစ် ဆန္ဒမဲပေးမည့် အခြေခံပညာအထက်တန်းကျောင်းများမှ(Grade-12) ကျောင်းသား၊ ကျောင်းသူအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုတတ်စေရန် သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲများ ကျင်းပခဲ့မှုအခြေအနေ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ မဲဆန္ဒရှင်များ သိသင့်သိထိုက်သည့် အချက်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဖြင့် တိကျသောမဲရလဒ်များရရှိနိုင်မှု၊ ပွင့်လင်းမြင်သာမှု၊ အချိန်တိုအတွင်း မဲရလဒ်များရေတွက်နိုင်မှု၊ ပယ်မဲများမဖြစ်ပေါ်နိုင်မှု၊ ရွေးကောက်ပွဲရလဒ်များကို လျင်မြန်စွာကြေညာနိုင်မှု စသည့်အကျိုးကျေးဇူးများနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်အခြေအနေများကိုရှင်းလင်းပြောကြားကြပြီး မိုင်းဆတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမောင်ချိုက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မြဝတီ**

☆ **စာမျက်နှာ ၁၇ မှအဆက်**

အနုပညာအမွေအနှစ်စစ်စစ်များ ပွားများကျန်ရှိရအောင် ဆက်လက်လက်တွဲကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

သမိုင်းအစဉ်အဆက်ဆက် ထိန်းသိမ်းအမွေဆက်ခံလာခဲ့သည့် အမျိုးသားယဉ်ကျေးမှုအရင်းအမြစ်များကိုပိုမိုအခြေခိုင်ခံ့အစွမ်းထက်စေရအောင် ရိုးရာအစဉ်အလာထိန်းသိမ်းမှုနှင့် တီထွင်ဆန်းသစ်မှုများပေါင်းစပ်မြှင့်တင်ဆောင်ရွက်ပေးကြရန်၊ တိုင်းရင်းသားပြည်သူများ ဇာတိသွေးဇာတိမာန်မြင့်မားရေးနှင့် မြန်မာ့ရိုးရာ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုထိုးဖောက်လွှမ်းမိုးမှုကို ကာကွယ်တားဆီးပေးကြရန်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး စသည့် စိတ်ဓာတ်ရေးရာအခြေခံများ တိုးတက်ရင့်သန်ခိုင်မာမြင့်မားစေရအောင် ယဉ်ကျေးမှုအနုပညာစွမ်းအားတို့ဖြင့် မြှင့်တင်ပေးကြရန် ဆန္ဒပြုတိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ "ယန်းအက" ဖြင့် ထားဝယ်တိုင်းရင်းသားရိုးရာ တေးဂီတအဖွဲ့က ဖျော်ဖြေကပြတင်ဆက်ကြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုင်းရင်းသားရိုးရာ "ယန်းအက" ပြိုင်ပွဲတွင် အထူးဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ(ယန်း)အကအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုင်းရင်းသားရိုးရာ "ယန်းအက" ပြိုင်ပွဲနှင့် ကဗျာလွတ်ပြိုင်ပွဲတို့တွင် အထူးဆု၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်သည်။

၎င်းနောက်ကော်မရှင်အဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အဆို၊ မဟာဂီတပြိုင်ပွဲအခြေခံပညာအဆင့် (အသက်၁၅ နှစ်မှ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)(အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဆို၊ ခေတ်ဟောင်း/ ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အဆို၊ ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား) (အမျိုးသမီး) ပြိုင်ပွဲတွင်ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဆိုခေတ်ဟောင်း/ကာလပေါ် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ၌ ပထမဆုရရှိသူ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မမိုးမြင့်စံက "အနန္တငါးဖြာ" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အဆို၊ မဟာဂီတပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက်ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အဆို၊ မဟာဂီတပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ဆုချီးမြှင့်ပွဲတွင် အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ပထမဆုရရှိခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကိုယ်စားပြုပြိုင်ပွဲဝင်များက ကပြသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ (၅၉) ဆု၊ မန္တလေးတိုင်းဒေသကြီးမှ (၄၇) ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ (၃၇) ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ(၃၃)ဆု၊ ပဲခူးတိုင်းဒေသကြီးမှ (၂၂)ဆု၊ မွန်ပြည်နယ်မှ (၂၁)ဆု၊ မကွေးတိုင်းဒေသကြီးမှ (၁၄)ဆု၊ ကယားပြည်နယ်မှ (၁၇)ဆု၊ ရှမ်းပြည်နယ်မှ (၁၃)ဆု၊ ရခိုင်ပြည်နယ်မှ(၁၀)ဆု၊ ကရင်ပြည်နယ်မှ (၁၂)ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ (၁၃)ဆု၊ ချင်းပြည်နယ်မှ (၁၀)ဆုနှင့် ကချင်ပြည်နယ်မှ (၅)ဆုရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကယားတိုင်းရင်းသားရိုးရာ အကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ကျောက်မျက်စီခြယ် နဝရတ်ကိုးသွယ်” ယိမ်းအကဖြင့် ကပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါအောင် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်ကြပါစေဟု ဆုမွန်

❖ **မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံတကာအလယ်တွင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာမြင့်မားထည်ဝါအောင် ကြိုးပမ်းစွမ်းဆောင် . . .**

❖ **မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး စသည့် ဂီတ၊ သဘင်နယ်ပယ်၏ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကပြသီဆိုတီးမှုတ်မှုနှင့် အသုံးပြုသည့်တူရိယာပစ္စည်းများသည်လည်း ထူးခြားသည့်မြန်မာ့မှု မြန်မာအသွင်စစ်စစ်ဖြင့် နိုင်ငံတကာတွင် ဂုဏ်ယူဝင့်ကြွားနိုင်သည့် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်ကို တွေ့ကြရမည်ဖြစ် . . .**

❖ **အတိတ်ကာလက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် မြန်မာ့အနုသုခုမပညာရပ်များနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ကောင်းမွေများကို ပစ္စုပ္ပန်ကာလတွင် ကောင်းမြတ်သည့်ကြိုးပမ်းအားထုတ်မှုများဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ် . . .**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ရိုးရာ "ယန်းအက" ဖြင့် ထားဝယ်တိုင်းရင်းသားရိုးရာတေးဂီတအဖွဲ့က ဖျော်ဖြေကပြတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို အစဉ်အလာ မပျက်ကျင်းပလာခဲ့သည်မှာ ယခုအခါ (၂၆)ကြိမ်မြောက်ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းများကြောင့်လည်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်အနုပညာရပ်များ ထိန်းသိမ်းမြှင့်တင်မှုတိုးတက်မြင့်မားလာပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ထင်ရှားခိုင်မာလာမှုတို့နှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်နိုးကြားထက်သန်မှု အကျိုးရလဒ်ကောင်းများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ အမျိုးသားရေးအနှစ်သာရနှင့်ပြည့်ဝသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင် ပွဲ ကြီးများကို နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်သူအများ၏ အားပေးချီးမြှောက်မှုများကြောင့်လည်း အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များအားလုံး၏ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို လေးစားမြတ်နိုးစွာလေ့လာလိုက်စားထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ကောင်း၊ စေတနာ၊ ပင်ကိုအရည်အသွေးကောင်းများနှင့်အတူ အားပေးကြသည့်မိဘဆွေမျိုးများနှင့် အနုပညာမြတ်နိုးသူ ဝါသနာရှင်အားလုံးတို့၏ ပူးပေါင်းပါဝင်မှုအကျိုးကျေးဇူးကြောင့်ဖြစ်သည်ကိုလည်း ဂုဏ်ပြုပြောကြားလိုကြောင်း။

အမျိုးသားယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးတို့၏ အသက်တမျှ အရေးကြီးထိန်းသိမ်းကြရမည့် အမွေအနှစ်များပင်ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှုမြင့်မားလေလေ၊ နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းသည်လည်း မြင့်မားလေလေ ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး ဝိသေသလက္ခဏာ၊ ပင်ကိုတန်ဖိုးနှင့် အဆင့်အတန်းတို့ကို အမျိုးသားယဉ်ကျေးမှုက တစ်ဆင့်သာ ဖော်ညွှန်းပြဆိုကြရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ မိမိလူမျိုး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်ကျင့်ကြံမှု၊ တွေးခေါ်မြော်မြင်မှုနှင့် စိတ်နေစိတ်ထားတို့ ယဉ်ကျေးသိမ်မွေ့စေရအောင်၊ အဆင့်အတန်း မြင့်မားစေရအောင် နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးခြင်းအားဖြင့် ပံ့ဖော်ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး စသည့် ဂီတ၊ သဘင်နယ်ပယ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကပြသီဆိုတီးမှုတ်မှုနှင့် အသုံးပြုသည့် တူရိယာပစ္စည်းများသည်လည်း ထူးခြားသည့်မြန်မာ့မှု မြန်မာ့အသွင် စစ်စစ်ဖြင့် နိုင်ငံတကာတွင် ဂုဏ်ယူဝင့်ကြွားနိုင်သည့် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် တင်ဆက်ပြသနိုင်ခြင်းအားဖြင့် တွေ့မြင်ရသည့် မျိုးဆက်သစ်လူငယ်များအဖို့ မြန်မာ့ယဉ်ကျေးမှု၏ ကြီးကျယ်ခမ်းနားထည်ဝါမှု၊ နက်နဲသိမ်မွေ့သည့် မြန်မာ့အနုပညာရပ်များ၏ပြည့်စုံကြွယ်ဝမှုကို သိရှိနားလည်နိုင်ပြီး လေးစားဂုဏ်ယူခြင်းနှင့် အတူ အလေးထားမြတ်နိုးတန်ဖိုးထားစိတ်များပေါ်ပေါက်လာစေမည်မှာ မလွဲဘူးဟု မှာကြားလိုကြောင်း၊ အမျိုးသားယဉ်ကျေးမှုကိုချစ်ခင်မြတ်နိုးပြီး လေ့လာကြိုးပမ်း ပြိုင်ပွဲဝင်ခဲ့ကြသည့် မျိုးဆက်သစ်လူငယ်များနှင့် ဆုရရှိကြသူအားလုံးကိုလည်း လေးစားဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

မိမိတို့မြန်မာလူမျိုးများသည် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ၊ အဆင့်အတန်းမြင့်မားသည့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ၊ နက်ရှိုင်းသိမ်မွေ့သည့် ယဉ်ကျေးမှုဓလေ့စရိုက်နှင့် အတွေးအခေါ်အယူအဆများ၊ လူမှုကျင့်ဝတ်စည်းကမ်းများ၏ဂုဏ်ကျေးဇူးများကြောင့် သမိုင်းအစဉ်အဆက်တွင် ကျက်သရေရှိရှိ ရပ်တည်ထွန်းပြောင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိထားပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဒီကောင်းမြတ်သည့် အတိတ်အစဉ်အလာများ၊ ကောင်းမွေများကို တည်တံ့တိုးပွားအောင် ထိန်းသိမ်းမြှင့်တင်ရင်း ပစ္စုပ္ပန်ကာလ၏ အခွင့်အလမ်းကောင်းများနှင့်ပေါင်းစပ်ပြီး အနာဂတ်မျိုးဆက်သစ်လူငယ်များအတွက် အခြေခံကောင်း အမွေခံကောင်းများထားရစ်ခဲ့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏အမျိုးသားရေးတာဝန်ဖြစ်ပြီး မျက်မှောက်ခေတ် နိုင်ငံသူနိုင်ငံသားများဖြစ်သည့် မိမိတို့အားလုံး၏ ပခုံးပေါ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့ကြောင့် အတိတ်ကာလက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် မြန်မာ့အနုသုခုမပညာရပ်များနှင့်တကွ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီး၏ ကောင်းမွေများကို ပစ္စုပ္ပန်ကာလတွင်ကောင်းမြတ်သည့်ကြိုးပမ်းအားထုတ်မှုများဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများက ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများနှင့် ပေါင်းစပ်ပြီး အနာဂတ်အတွက် **စာမျက်နှာ ၁၅ သို့** ☆




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်တိုင်းရင်းသား ရိုးရာ အကအဖွဲ့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

**❖ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင် ၁၆၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိမှုများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ (၅၉)ဆု၊ မန္တလေးတိုင်းဒေသကြီးမှ (၄၇)ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ (၃၇)ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ (၃၃)ဆု၊ ပဲခူးတိုင်းဒေသကြီးမှ (၂၂)ဆု၊ မွန်ပြည်နယ်မှ (၂၁)ဆု၊ မကွေးတိုင်းဒေသကြီးမှ (၁၄)ဆု၊ ကယားပြည်နယ်မှ (၁၇)ဆု၊ ရှမ်းပြည်နယ်မှ (၁၃)ဆု၊ ရခိုင်ပြည်နယ်မှ (၁၀)ဆု၊ ကရင်ပြည်နယ်မှ (၁၂)ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ (၁၃)ဆု၊ ချင်းပြည်နယ်မှ (၁၀)ဆုနှင့် ကချင်ပြည်နယ်မှ (၅)ဆုရရှိခဲ့ . . .**

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing addresses the prize-presentation ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing addresses the prize-presentation ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions.

NAY PYI TAW October 13

The prize-presentation ceremony of the 26th Myanmar Traditional Cultural Performing Arts Competitions took place at Thabin Hall of Zeyathiri Villa in Nay Pyi Taw this morning. Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered an address at the ceremony and gave away prizes to winners.

Also present were SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC members, union ministers, union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of the steering committee, work committee and subcommittees to hold the competitions, region/state chief ministers, judges, managers, coaches, supporter teams, prize-winner national races contestants, traditional dance troupes from regions and states and officials.

Artists from the Fine Arts Department, the Ministry of Religious Affairs and Culture, staged the "Kyauk-myet-si-chal NawaratKoe-thwe" chorus dance.

In his address, the Senior General extended greetings, saying may you all strive for raising and glorifying the integrity of the country and race in the world, while preserving, cherishing and promoting national culture.

Myanmar Traditional Cultural Performing Arts Competitions has been held as a treasured tradition, and the 26th competitions has been successfully concluded. It is common knowledge that the competitions has preserved and promoted various branches of arts, alongside the achievement of beneficial results of strengthening

See Page - 19►►



Senior General Min Aung Hlaing presents honorary award to members of the cultural troupe from regions and states.



Senior General Min Aung Hlaing presents honorary award to members of the cultural troupe from regions and states.



Senior General Min Aung Hlaing presents honorary award to members of the cultural troupe from regions and states.

►► From Page - 18

and highlighting the national characteristics and arousing patriotism and Union spirit.

The government, on its part, is annually celebrating the Myanmar Traditional Cultural Performing Arts Competitions, which is completely filled with national essence, and because of the support of the region/ state governments and the public, it is achieving meaningful success. The Senior General praised the noble spirit, goodwill and merits of all judges, the well-versed artists, and contestants to study and preserve the traditional cultural performing arts with love and admiration and their core quality, along with the support and involvement of parents and relatives and enthusiasts.

He said the national culture is the heritage of a nation and people that must be preserved and protected as their lifeblood. A higher level of culture of a nation and its people will raise their standard and enable them to stand tall among the global nations. Normally, the national identity, inherent value and standard can be expressed only through national culture.




SSPC member and Union Minister for Border Affairs Lt-Gen Yar Pyae presents first prize to the winner in the basic education level (aged 15-20) male old/ modern song contest.

Every country must cultivate the dress code, behavior, vision, and nature of its people to be courteous and impressive through the work of preserving, protecting and promoting its national culture.

The unique costumes, performances and musical instruments of Myanmar traditional performing arts in genuine Myanmar style will proudly stand as the gifted cultural heritage among the global countries.

It is true that by witnessing the prestigious and honorable Myanmar cultural heritage presented by the Myanmar Traditional Cultural Performing Arts Competitions, new general youths will understand the splendor and richness of the delicate arts, and will have love, respect, and appreciation for the Myanmar culture. He then expressed honour for all contestants including prize-winners for their love for national culture and efforts.




SSPC member and Union Minister for Home Affairs Lt-Gen Tun Tun Naung gives first prize to the winner in the higher education level male old/modern song contest.

He stated that the Myanmar people have a long-standing tradition of standing proudly throughout history, thanks to their own national characteristics, high-standard national culture, deep and subtle cultural customs and philosophies, and the virtue of their social ethics and discipline.

He stated that it is their national duty, now resting on the shoulders of all citizens, to strive to leave behind good foundations and a worthy inheritance for future generations. This must be achieved by combining the excellent opportunities of the present with the preservation and enhancement of these noble past traditions and valuable legacies.

Therefore, he urged and expressed the desire for all to continue striving to preserve and enhance the valuable legacy of the national cultural structure, including the Myanmar traditional arts (Anu Thukuma) inherited from ancestors. He stressed that this should be done with noble efforts in the present, combining them with the positive outcomes of the recently concluded Traditional Myanmar Cultural Performing Arts Competition to ensure the continuation of a genuine artistic heritage for the future.




SSPC member and Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin hands first prize to the winner in the basic education level (aged 10-15) female old/modern song contest.




Senior General Min Aung Hlaing presents honorary award to members of the cultural troupe from regions and states.

He expressed his wish and urged everyone to strengthen the inherited national cultural resources throughout history by combining traditional preservation with innovation and creativity. He called on them to raise the national pride of the ethnic peoples, safeguard the Myanmar traditional national culture, and prevent the infiltration and dominance of foreign cultures. Finally, he encouraged the use of the power of cultural arts to promote and strengthen the foundational spiritual principles of national spirit, ethnic solidarity, and the Union Spirit.

Following this, the Senior General presented honorary awards to ethnic traditional/ rural cultural groups from Kachin State, Kayah State, Kayin State, Chin State, Sagaing Region, Taninthayi Region, Bago Region, Magway Region, Mandalay Region, Mon State, Rakhine State, Yangon Region, Shan State, and Ayeyawady Region.

Afterwards, the Dawei Traditional Cultural Music Group from Taninthayi Region performed a traditional Dawei "Yang" dance.

Next, Vice-Senior General Soe Win presented awards to the groups that won Special, First, Second, and Third prizes in the Taninthayi Region traditional Dawei "Yang" dance competition and the impromptu poetry competition.

Subsequently, Commission members presented awards and honorary certificates as follows: Union Prime Minister U Nyo Saw presented to the winners of the First, Second, and Third prizes in the Maha Gita competition Advanced Level (Male) (Female); Commission Secretary Joint Executive Chief General Ye Win Oo, presented to the winners of the First, Second, and Third prizes in the Maha Gita competition Basic Level (Ages 15-20) (Male) (Female); Commission Member Union Minister for Defence General Maung Maung Aye, presented to the winners of the First, Second, and Third prizes in the Maha Gita competition Basic Level (Ages 10-15) (Male)

See Page - 20►►

■■ From Page - 21

26th Traditional Myanmar Cultural Performing Arts Competitions.

The Performing Arts Competitions, which plays a significant role in achieving the noble national objective of preserving and promoting national culture, has been successfully held. The government and the entire nation take pride and share joy with the veteran and distinguished artistes and members of the panel of judges who devoted their utmost talent and effort to the success of this grand competition.

The Competitions have been held each year with greater depth, richness, and stronger national significance in both form and substance. The government also wishes to express its deep appreciation and gratitude to all the distinguished scholars and artists who have generously contributed their invaluable knowledge, effort, and enthusiasm to realizing the noble objectives of these competitions more effectively each year.

At present, under the leadership of the government, officials from various relevant sectors are making genuine and determined efforts based on their own capabilities for the progress and development of the nation and its people. In particular, efforts are being made to preserve and promote the fine traditions and cultural heritage of the Myanmar people, while striving to build a united, harmonious, and prosperous nation.

Currently, with the growing openness and freedom, as well as the expansion of modern media, various forms of cultural infiltration have entered and blended into different sectors — a fact well known to all. Therefore, every nation is making efforts to value, preserve, and ensure the lasting continuity of its traditional customs and cultural heritage. National culture is the very lifeblood of a nation and its people. Hence, in this era, it is essential to inspire and encourage the entire population, including the younger generations, to strengthen their resilience and commitment to safeguarding and upholding national culture through the power of the arts.

Myanmar's traditional arts and cultural crafts have been preserved and handed down from generation to generation by successive masters and artists, allowing them to remain strong and enduring to this day. Throughout Myanmar's long history spanning thousands of years, generations of great artistes have continuously emerged, preserving, nurturing, and passing down their artistic legacy. Owing to their invaluable contributions, the people of today are able to stand as rightful inheritors and custodians of the rich and priceless treasury of Myanmar's cultural arts.

Therefore, veteran artists are urged to leave artistic legacy for new generation artists by nurturing them in order to strengthen and raise the preciousness of the treasury of arts left by ancestor artists of successive eras in accordance with their fine traditions.

May you be able to propagate and enrich traditional cultural fine arts preserved like one own life, to hand down your rich experiences and priceless artistic talents to new generation youths, to serve the interests of the country and the people with your artistic talents by leading a healthy life for more than one hundred years in peace of mind and to continue to offer help in so many future Myanmar traditional cultural performing arts competitions through your artistic talents.

Then, the Senior General presented certificates of honour to Chairperson Daw Thin Thin Myat, who accepted certificates of honour on behalf of the team of judges for singing contests, Chairperson U Aung Tin Win, who accepted certificates of honour on behalf of the team of judges for dancing contests, Secretary U Min Htet Thar, who accepted certificates of honour on behalf of the teams of judges for song composition, Chairman U Saw Win, who accepted certificates of honour on behalf of the team of judges for contests for playing musical instruments, a manager from Magway Region, who accepted certificates of honour on behalf of team managers from regions and states, and a master of ceremony, who accepted certificates of honour on behalf of masters of ceremonies.

Then, singing contest judge U Tin Oo Lay spoke words of thanks to the Senior General.

Afterward, the Senior General enjoyed dinner together with attendees and contestants.

Before and during the dinner, prize winners in the competitions and artists from the Department of Fine Arts of the Ministry of Religious Affairs and Culture, Myanmar Radio and Television of the Ministry of Information, Myawady Band under the Directorate of Public Relations and Psychological Warfare entertained the guests with music and dances.

Then, as a special program, veteran artists 74-year old retired staff officer Sayagyi Pantra U Myint Thein and 76-year old retired professor emeritus of the National University of Arts and Culture (Mandalay) Dr Nu Nu Khin of the Ministry of Religious Affairs and Culture and new generation youths, who will preserve the artistic legacy of the veteran artists, including Maung Saw Aung Hein Htway (a) Ell Ell, the first prize winner from Mon State in dancing contests at the basic education level (aged between 15 and 20 years) and Ma Nang Gaday San Oo, the first prize winner from Yangon Region in dancing contests at the basic education level (aged between 10 and 15 years) performed Thirsarsanhtar romantic dance of love.

Afterward, the Senior General presented honorary cash awards to U Myint Thein and Dr Nu Nu Khin and cordially greeted them.

After the honorary dinner, the Senior General warmly greeted attendees to the dinner. **100**

---

►► From Page - 19

(Female); Commission Member Union Minister for Home Affairs Lt-Gen Tun Tun Naung, presented to the winners of the First, Second, and Third prizes in the Classical/Modern competition Advanced Level (Male (Female); Commission Member Union Minister for Border Affairs and National Races Lt-Gen Yar Pyae, presented to the winners of the First, Second, and Third prizes in the Classical/Modern competition Basic Level (Ages 15-20) (Male) (Female); Commission Member Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin, presented to the winners of the First, Second, and Third prizes in the Classical/Modern competition Basic Level (Ages 10-15) (National) (Female).

After that, Ma Moe Myint San, the First Prize winner from Mandalay Region in the Classical/Modern Basic Level (Ages 15-20) competition, performed the song "Ananta Nga Pyar".

Following this, Union-level persons, Union Ministers, senior Tatmadaw officers from the Commander-in-Chief's Office, and the Nay Pyi Taw Command Commander presented honorary awards and certificates to the winners of the dance, composition, and instrumental competitions.

During the award ceremony, representatives from states and regions who won first prizes in the dance, composition, and instrumental competitions performed.

After the award ceremony concluded, Senior General Min Aung Hlaing cordially greeted the attendees.

In the 26th Myanmar Traditional Cultural Performing Arts Competition, 1,672 competitors from various regions and states participated. The award winners were: Yangon Region (59 prizes), Mandalay Region (47 prizes), Ayeyawady Region (37 prizes), Sagaing Region (33 prizes), Bago Region (22 prizes), Mon State (21 prizes), Magway Region (14 prizes), Kayah State (17 prizes), Shan State (13 prizes), Rakhine State (10 prizes), Kayin State (12 prizes), Taninthayi Region (13 prizes), Chin State (10 prizes), and Kachin State (5 prizes).

**100**

---

# Monywa District completes cultivation of sunflower as monsoon crops

MONYWA October 13

According to records from the Monywa District Agriculture Department, over 8,000 acres of sunflower were cultivated during this year's winter cropping season in Monywa District, Sagaing Region.

For the 2025-2026 monsoon cropping season, it has been planned to cultivate 9,642 acres of sunflower in Monywa District. Cultivation began in May this year, and as of today, 8,025 acres have already been planted.

"This year, for the monsoon season, we planned to cultivate over 9,600 acres of sunflower in Monywa District. So far, more than 8,000 acres have been cultivated, and efforts are ongoing to meet the target. Sunflower is being promoted as an oil crop to help reduce the country's dependence on imported palm oil. Compared with beans and sesame, sunflower produces more oil per acre. Sunflower is cultivated only in the winter season," said Daw San San Myint, Head of the Monywa District Agriculture Department.

This year, by township, sunflower cultivation in Monywa District has reached 953 acres in Monywa Township, 5,719 acres in Budalin Township, 1,100 acres in Ayadaw Township, and 253 acres in ChaungU Township, totalling 8,025 acres.

For the 2025-2026 monsoon season, the planned acreage for sunflower in Monywa District is 945 acres in Monywa Township, 5,710 acres in Budalin Township, 2,737 acres in Ayadaw Township, and 250 acres in ChaungU Township, totalling 9,642 acres.

To expand sunflower cultivation, the respective township agriculture departments are accelerating training programs for both staff and farmers to strengthen capacity and improve productivity.

This year, arrangements are also being made to supply quality seeds to sunflower farmers, to provide urea fertilizer at affordable prices, and to distribute new sunflower varieties through a farmer-to-farmer seed exchange system.

**SMK**

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing attends the honorary certificate presentation and the dinner in honour of the 26th Performing Arts Competitions





Senior General Min Aung Hlaing delivers address at the dinner.

NAY PYI TAW October 13

A ceremony to present certificates of honour in conjunction with the dinner to mark the 26th Traditional Myanmar Cultural Performing Arts Competitions took place at the Glazier Hall of Zeyathiri Beikman in Nay Pyi Taw this evening, attended by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing.

Also, present at the dinner were Commission Vice-Chairman Vice-Senior General Soe Win, Commission member Prime Minister U Nyo Saw, Commission member and Executive Chief U Aung Lin Dway, Commission Secretary and Joint Executive Chief General Ye Win Oo, commission members, Union ministers, Union-level dignitaries, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, members of the Leading Committee, Working Committee and Subcommittees for organizing the competitions, region/ state chief ministers, maestros of the panel of judges, administrators, trainers, supporting teams, prize winning national brethren, traditional dance troupes from regions and states and officials.

First and foremost, the Acting President and SSPC Chairman of the Republic of the Union of Myanmar stated that the ceremony being held today is an occasion to honor the distinguished and meastrojudges and artists, as well as the officials from regions and states who have provided support and assistance with utmost goodwill and dedication for the successful completion of the

See Page - 20 ■■



Senior General Min Aung Hlaing presents certificate of honour to a recipient.



Senior General Min Aung Hlaing presents certificate of honour to a recipient.



Senior General Min Aung Hlaing presents certificate of honour to a recipient.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဆီအပြည့်ဖြည့် အားအပြည့်သွင်းရုံနဲ့ ၁၂၄၃ မိုင်သွားနိုင်မယ့် BYD Seal




BYD က ဆီအပြည့်ဖြည့်ထားရုံ၊ အားအပြည့်သွင်းရုံနဲ့ မိုင်ပေါင်း ၁၂၄၃ မိုင်အထိ သွားနိုင်စေမယ့် ကားအမျိုးအစားအသစ်တစ်စီးကို တရားဝင်ထုတ်ဖော်မိတ်ဆက်လိုက်ပါပြီ။ အဲဒီကားအမျိုးအစားကတော့ 2026 Seal 05 DM–i ဖြစ်ပါတယ်။ သူက BYD ကပုံမှန်ထုတ်လုပ်နေကျ လျှပ်စစ်စွမ်းအင်သုံးယာဉ်(EV) မဟုတ်ပါဘူး။ လောင်စာစွမ်းအင်သုံးအင်ဂျင်နဲ့ လျှပ်စစ်စွမ်းအင်သုံးမော်တာတို့ကိုပေါင်းစပ်ထားတဲ့ မျိုးစပ်ယာဉ်တစ်စီးဖြစ်ပါတယ်။

ဒီလိုယာဉ်တစ်စီးက ဆီပြန်ဖြည့်စရာမလို၊ အားပြန်သွင်းစရာမလိုဘဲနဲ့ မိုင်ပေါင်း ၁၂၄၃ မိုင်အထိ သွားနိုင်တယ်ဆိုတာ တကယ့်ကို အံ့အားသင့်စရာကောင်းလောက်အောင်နည်းပညာပိုင်းမှာတိုးတက်လာမှုကို ဖော်ညွှန်းပြသနေတာဖြစ်ပါတယ်။

ဒီကားမှာအသုံးပြုထားတဲ့ လောင်စာဆီသုံးအင်ဂျင်က 1.5 L အင်ဂျင်ဖြစ်ပြီး မြင်းကောင်ရေ ၉၉ ကောင်အား ထွက်ရှိကာ မော်တော်ယာဉ်ရဲ့ရှေ့ပိုင်းမှာတပ်ဆင်ထားတဲ့မော်တာက မြင်းကောင်ရေ ၁၆၁ ကောင်အားထွက်ရှိပါတယ်။ သူတို့နှစ်ခုပေါင်းလိုက်တဲ့အခါ 2026 Seal 05 DM–i က သုညကနေ ကီလို ၁၀၀ အထိ အရှိန်နှုန်းကို ၇ ဒသမ ၉ စက္ကန့်အတွင်း ရောက်ရှိနိုင်စွမ်းရှိမှာဖြစ်ပါတယ်။

Ref: IE

ကိုထက်

# ရန်သူ့လှိုင်းနှုန်းစနစ်များကိုကြားဖြတ်ပြီး တိကျလက်နက်များကို ပစ်လွှတ်နိုင်စေမယ့် Vampire ဒရုန်းဖျက်စနစ်



L3Harris Technologies ဆိုတဲ့ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက သူတို့ထုတ်လုပ်ထားတဲ့ Vampire အမည်ရှိ ဒရုန်းဖျက်စနစ်ကိုအဆင့်မြှင့်တင်မှုတွေလုပ်ဆောင်လိုက်ပါတယ်။ အဆင့်မြှင့်တင်မှုတွေမလုပ်ခင်တုန်းက အဲဒီစနစ်ဟာ အသေးစားမောင်းသူမဲ့စနစ်များကို တိကျမှုရှိစွာနဲ့ သက်ရောက်မှုရှိစွာချေမှုန်းနိုင်စွမ်းရှိပါတယ်။

အခု အဆင့်မြှင့်တင်လိုက်တဲ့စနစ်မှာကျတော့ မြေပြင်၊ ရေပြင်၊ ဝေဟင်နဲ့ အီလက်ထရွန်နစ်အစရှိတဲ့ ဘက်စုံစစ်ဆင်ရေးနယ်ပယ်တွေမှာ ထိရောက်မှုရှိစွာသုံးနိုင်စေမယ့်အပြင် အဆင့်မြင့်ကင်းထောက်စွမ်းရည်နဲ့ တိကျမှုရှိတဲ့ပစ်ခတ်မှုစွမ်းရည်တို့ကိုပါ ပိုင်ဆိုင်လာတာဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ နောက်ထပ်အဆင့်မြင့်အာရုံခံကိရိယာတွေပါ တပ်ဆင်ထားလာတဲ့အတွက် ရန်သူရဲ့အီလက်ထရွန်နစ်လှိုင်းနှုန်းစနစ်များကိုလည်း ကြားဖြတ်နိုင်စွမ်းရှိစေမှာဖြစ်ပါတယ်။

ပိုပြီးအဆင့်မြင့်လာတဲ့စနစ်လည်းဖြစ်တာကြောင့် ဉာဏ်ရည်တုနည်းပညာကိုပါ အသုံးပြုလာတဲ့အတွက် ရန်သူ့ဒရုန်းများကို လျင်မြန်စွာရှာဖွေပစ်ခတ်ချေမှုန်းနိုင်မှာဖြစ်ပါတယ်။

Ref: IE

ကိုထက်

# စစ်မြေပြင်မှာ စွမ်းဆောင်ရည်အမြင့်ဆုံး တိုက်စွမ်းအားဖြစ်လာမယ့် တန် ၄၀ စမတ်သံချပ်ကာယာဉ်



BAE Systems ကုမ္ပဏီက Rheinmetall ကုမ္ပဏီနဲ့ပူးပေါင်းပြီး စစ်မြေပြင်မှာ စွမ်းဆောင်ရည်အမြင့်ဆုံး တိုက်စွမ်းအားတစ်ခုဖြစ်လာမယ့် တန် ၄၀ အလေးချိန်ရှိ စမတ်သံချပ်ကာယာဉ်တစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။

အဲဒီယာဉ်က CV90120 ဆိုတဲ့ သံချပ်ကာယာဉ်ဖြစ်ပြီး သူ့ကိုအဆင့်မြှင့်တင်မှုအနေနဲ့ 120mm L44A1 Low Recoil (LR) လက်နက်စနစ်ကိုတပ်ဆင်ပေးလိုက်တာပါ။ ဒီလက်နက်က သမားရိုးကျလက်နက်မျိုးတော့မဟုတ်ပါဘူး။ သံချပ်ကာယာဉ်ရဲ့ချေမှုန်းနိုင်စွမ်းကို များစွာတိုးမြှင့်ပေးနိုင်မယ့်လက်နက်ဖြစ်ပါတယ်။ အဲဒီလက်နက်ကို ၁၂၀ မီလီမီတာရှိတဲ့ ဘယ်လိုအမြောက်ကျည်မျိုးမဆို ထည့်ပြီးပစ်ခတ်နိုင်ပါတယ်။

CV90120 ယာဉ်ကို CV90MkIV ကိုယ်ထည်ပေါ်မှာ တည်ဆောက်ထားတာဖြစ်တဲ့အတွက် စစ်မြေပြင်မှာ သူမတူတဲ့ လျင်မြန်မှုကိုပေးစွမ်းနိုင်ပါမယ်။ ဒ့ါအပြင် သူ့မှာ ခရီးကြမ်းသုံးသွားလာမှုစနစ်ကို အသုံးပြုပြီး သယ်ဆောင်နိုင်တဲ့ဝန်အလေးချိန်ကတန် ၄၀ အထိရှိတဲ့အတွက် ခေတ်မီပင်မတိုက်ပွဲဝင်တင့်တစ်စီးရဲ့ ပစ်အားကိုလည်းပေးစွမ်းနိုင်မှာဖြစ်ပါတယ်။

Ref: IE

ကိုထက်

# ပြင်းထန်အသည်းရောဂါဖြစ်ပွားမှုကို ၁၀ နှစ်ကြိုသိစေမယ့် စမ်းသပ်မှုလေးတစ်ခု


သမားရိုးကျ စမ်းသပ်မှုလေးတစ်ခုလုပ်ရုံနဲ့ နောင်တစ်ချိန်မှာပြင်းထန်အသည်းရောဂါဖြစ်ပွားနိုင်ခြေ ရှိ၊ မရှိဆိုတာကို ကြိုတင်သိရှိနိုင်ပါပြီ။ အချိန်ကာလအားဖြင့် ၁၀ နှစ်ကြိုတင်သိရှိနိုင်မှာပါ။ ဒီနည်းလမ်းကို ဖန်တီးလိုက်သူများက ဆွီဒင်နိုင်ငံမှ သုတေသနပညာရှင်များပါပဲ။

အသည်းရွှတ်ကင်ဆာနဲ့ အသည်းကင်ဆာဆိုတာ ပြင်းထန်ရောဂါများဖြစ်ရုံသာမက ရောဂါဖြစ်ပွားမှုကို နောက်ကျမှသာသိရှိရလေ့ရှိတဲ့ ရောဂါအမျိုးအစားတွေဖြစ်ပါတယ်။ ဒါကြောင့် မလိုအပ်ဘဲအသက်ဆုံးရှုံးမှုတွေမဖြစ်ရလေအောင် ဆွီဒင်နိုင်ငံမှ သုတေသနပညာရှင်များက ပုံမှန်သွေးစစ်ဆေးမှုသုံးခုလုပ်ရုံနဲ့ လူနာမှာပြင်းထန်အသည်းရောဂါဖြစ်နိုင်ခြေရှိ၊ မရှိဆိုတာဖော်ထုတ်နိုင်မယ့်နည်းလမ်းကို ဖန်တီးခဲ့တာဖြစ်ပါတယ်။

သူတို့ဖန်တီးထားတဲ့ အဲဒီနည်းလမ်းကို CORE လို့ အမည်ပေးထားပါတယ်။ အဲဒီနည်းလမ်းအတွက် အဆင့်မြင့်စာရင်းအင်းအချက်အလက်နည်းပညာများ၊ အဓိကကွဲလွဲချက်ငါးခုဖြစ်တဲ့ အသက်၊ လိင်အမျိုးအစား၊ အများစု စစ်ဆေးမှုတွေလုပ်ရလေ့ရှိတဲ့ AST၊ ALT နဲ့ GGT လို့ခေါ်တဲ့ အသည်းအင်ဇိုင်းသုံးမျိုးတို့ကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။ အဓိကအားဖြင့် ပညာရှင်များက ကနဦးကျန်းမာရေးစစ်ဆေးမှုတွေမှာ လက်တွေ့အသုံးဝင်နိုင်စေဖို့ ရည်မှန်းပြီး ဒီနည်းလမ်းကိုဖန်တီးလိုက်တာဖြစ်တယ်လို့ဆိုပါတယ်။

Ref: IE

ကိုထက်



# ပင်လယ်ပြင်စစ်ဆင်ရေးကို ပြောင်းလဲသွားစေနိုင်တဲ့ မျိုးဆက်သစ်ဒုံးကျည်စနစ်



ဆွီဒင်နိုင်ငံမှ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ကမ်းရိုးတန်းကာကွယ်ရေးဒုံးကျည်စနစ်(CDMS) လို့ အမည်ရတဲ့ မျိုးဆက်သစ်ဒုံးကျည်စနစ်တစ်ခုကိုထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီစနစ်က ကမ်းရိုးတန်းအခြေပြု သင်္ဘောဖျက်စနစ်ဖြစ်ပါတယ်။ ဒီဒုံးကျည်စနစ်ကို ဖန်တီးလိုက်သူက SAAB ကုမ္ပဏီဖြစ်ပြီး ဒီစနစ်က ကုန်ကျစရိတ်သက်သာတဲ့အပြင် ထိရောက်မှုမြင့်မားတဲ့ သင်္ဘောဖျက်စွမ်းရည်ကိုပေးစွမ်းနိုင်လိမ့်မယ်လို့ဆိုပါတယ်။

SAAB ကုမ္ပဏီက ဒီဒုံးကျည်စနစ်ကို အဆင့်မြှင့်တင်မှုများစွာလုပ်ထားတာတွေ့ရပါတယ်။ ဆော့ဝဲပိုင်းကို အဆင့်မြှင့်တင်ထားသလို အာရုံခံနည်းပညာပိုင်းကိုလည်း တိုးတက်မှုတွေလုပ်ဆောင်ထားပါတယ်။ ဒီလိုအဆင့်မြှင့်တင်ထားတဲ့အတွက် ဒီစနစ်နဲ့တွဲဖက်အသုံးပြုတဲ့ဒုံးကျည်တွေကို ကီလိုမီတာ ၂၀၀ ကျော်မှ ၃၀၀ ကျော်အတွင်း ပျံသန်းစေပြီး ပစ်မှတ်များကိုတိကျမှုရှိစွာ ထိမှန်စေမှာဖြစ်ပါတယ်။

သူတို့ရဲ့ဒုံးကျည်တွေကလည်း ရာသီမရွေးအသုံးပြုနိုင်တဲ့ ဒုံးကျည်တွေဖြစ်တဲ့အပြင် ပစ်ပြီးတာနဲ့လှည့်ကြည့်စရာမလိုလောက်အောင်ကို ပြီးပြည့်စုံလွန်းလှတဲ့ ဒုံးကျည်များဖြစ်ပါတယ်။ ဒီဒုံးကျည်များက ပင်လယ်ပြင်စစ်ဆင်ရေးကို ပြောင်းလဲစေနိုင်စွမ်းရှိပါတယ်။

Ref: IE

ကိုထက်

# ဆေးခြောက်ကို မူးယစ်ဆေးဝါးအဖြစ် ပြန်သတ်မှတ်ရန် ထိုင်းပညာရှင်များ တိုက်တွန်း

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းနိုင်ငံမှပညာရှင်များစွာပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ဆေးခြောက်ကို မူးယစ်ဆေးဝါးအဖြစ်ပြန်သတ်မှတ်ရန် အစိုးရကို တိုက်တွန်းလိုက်ကြောင်းသိရသည်။ ထိုင်းကျန်းမာရေးဝန်ကြီးသည် ဆေးခြောက်ကို အဆင့် ၅ မူးယစ်ဆေးဝါးစာရင်းမှ ၂၀၂၂ ခုနှစ်တွင် ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကျန်းမာရေးဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ အခြားပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများကစုပေါင်း၍ ဆေးခြောက်ကို မူးယစ်ဆေးဝါးစာရင်းတွင် ပြန်လည်ထည့်သွင်းပေးရန် ပြည်သူ့ကျန်းမာရေးဝန်ကြီးပတ်တနာပရွှမ်ဖတ်ထံသို့ အိတ်ဖွင့်စာတစ်စောင်ပေးပို့ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်တွင်ဆေးခြောက်ကို တင်းကျပ်စွာထိန်းချုပ်မှုအောက်တွင်သာ အကန့်အသတ်ဖြင့်အသုံးပြုစေခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ဆေးခြောက်ကိုဆေးဘက်ဆိုင်ရာအားဖြင့် လွတ်လပ်စွာအသုံးပြုခွင့်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးအတွက် စိုးရိမ်ရသည့်အခြေအနေများဖြစ်လာကြောင်းသိရသည်။ **Ref: TN**

# ဟားမက်အဖွဲ့က အစ္စရေးဓားစာခံများအားလုံးကို ပြန်လွှတ်ပေး ဂါဇာစစ်ပွဲပြီးသွားပြီဟု ထရမ့်ပြော




**ဂျေရုဆလင်၊ နိုင်ငံရေး**

ဟားမက်အဖွဲ့က အသက်ရှင်လျက်ရှိနေသေးသည့် အစ္စရေးဓားစာခံအားလုံးကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်းနှင့် ဂါဇာစစ်ပွဲမှာလည်း ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

ဟားမက်အဖွဲ့သည် အမေရိကန်အစိုးရ၏ငြိမ်းချမ်းရေးအစီအစဉ်အရ အောက်တိုဘာလ ၁၃ ရက်တွင် အသက်ရှင်လျက်ရှိနေသေးသည့် အစ္စရေးဓားစာခံအယောက် ၂၀ ကို ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ယင်းလုပ်ဆောင်ချက်သည် ဂါဇာ၌ဖြစ်ပွားနေသည့် နှစ်နှစ်ကြာစစ်ပွဲပြီးဆုံးရေးအတွက် အရေးကြီးလုပ်ဆောင်ချက်ဖြစ်ကြောင်း ထရမ့်ကပြောထားသည်။ အလားတူ အစ္စရေးအနေဖြင့် ဂါဇာ၌ရရှိထားသည့် စစ်ရေးအောင်မြင်မှုများကို ငြိမ်းချမ်းရေးအဖြစ်ပြောင်းလဲရန် ထရမ့်က တိုက်တွန်းထားသည်။

အဆိုပါဓားစာခံများကို ကြက်ခြေနီအဖွဲ့က ပြန်လည်ခေါ်ဆောင်လာခြင်းဖြစ်ပြီး အသက်ရှင်လျက်ကျန်ရှိနေသည်ဟု ယူဆရသူများအားလုံး အစ္စရေးနိုင်ငံသို့ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း အစ္စရေးအစိုးရက အတည်ပြုထားသည်။

အလားတူ အစ္စရေးဘက်ကလည်း ၎င်းတို့ထိန်းသိမ်းထားသော ပါလက်စတိုင်းအကျဉ်းသားများနှင့် အခြားထိန်းသိမ်းခံရသူများအားလုံးကို ရရှိထားသောငြိမ်းချမ်းရေးသဘောတူညီချက်အရ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ **Ref: AGC**

# တီထွင်ဖန်တီးမှု ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးမှုကို ရှင်းပြနိုင်သူသုံးဦး စီးပွားရေးနိုဘယ်ဆုရရှိ

**စတော့ဟုမ်း၊ နိုဘယ်ဆု**

တီထွင်ဖန်တီးမှုဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ရှင်းလင်းချက်ထုတ်ဖော်ပြသနိုင်သူ သုံးဦးက ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးနိုဘယ်ဆုကိုရရှိကြောင်း နိုဘယ်ဆုချီးမြှင့်ရေးကော်မတီက အောက်တိုဘာလ ၁၃ ရက်တွင်ထုတ်ပြန်သည်။

စီးပွားရေးနိုဘယ်ဆုရရှိသူ သုံးဦးမှာ နယ်သာလန်နိုင်ငံသား ဂျိုးမိုခါ၊ ပြင်သစ်နိုင်ငံသား ဖိလစ်ပက်ဂီယွန်နှင့် ကနေဒါနိုင်ငံသား ပီတာဟောင်းဝစ်တို့ဖြစ်သည်။ ၎င်းတို့သုံးဦးသည် စီးပွားရေးနှင့်ပတ်သက်၍ မတူညီမှုများကိုနှိုင်းယှဉ်ပြသနိုင်သည်သာမက လိုက်ဖက်သောနည်းလမ်းများကိုလည်း ဖော်ထုတ်နိုင်ခဲ့ကြောင်း နိုဘယ်ဆုရွေးချယ်ရေးအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပေးအပ်သည့်ဆုကြေးငွေများကို ဂျိုးမိုခါကတစ်ဝက်နှင့် ကျန်နှစ်ဦးက တစ်ဝက်စီယူသွားရမည်ဖြစ်ကြောင်း သိရသည်။ **Ref: Sputnik**


# NATO တပ်ဖွဲ့က နျူကလီးယား စစ်ရေးလေ့ကျင့်ခန်းကို နယ်သာလန်နိုင်ငံ၌ ဆောင်ရွက်

**အမ်စတာဒမ်၊ စစ်ရေး**

NATO တပ်ဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော နျူကလီးယားစစ်ရေးလေ့ကျင့်ခန်းကို နယ်သာလန်နိုင်ငံ၌ အောက်တိုဘာလ ၁၃ ရက်တွင်ဆောင်ရွက်သည်။ ယခုကဲ့သို့ နျူကလီးယား စစ်ရေးလေ့ကျင့်ခန်း ဆောင်ရွက်ရခြင်းသည် ဖြစ်ပေါ်လာနိုင်သောမည်သည့်ရန်သူကိုမဆို အသိပေးခြင်းပင်ဖြစ်ကြောင်း NATO တပ်ဖွဲ့ အတွင်းရေးမှူးချုပ် မာ့ရုကပြောသည်။

Steadfast Noon အမည်ရှိ ထိုစစ်ရေးလေ့ကျင့်ခန်းသည် သီတင်းပတ်နှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ဗော်ကယ်လေတပ်စခန်း၌ စစ်ရေးလေ့ကျင့်မှုကိုလုပ်ဆောင်ကာ လိုအပ်သောထောက်ပံ့ရေးပစ္စည်းများကို ဘယ်ဂျီယံ၊ ဖြိတိန်နှင့် ဒိန်းမတ်နိုင်ငံတို့ရှိ စစ်စခန်းများ၌အခြေစိုက်ထားရှိပြီး စစ်လေယာဉ်အစင်း ၇၀ ကျော်နှင့်စစ်သည် ၂၀၀၀ ဝန်းကျင်ပါဝင်ကြောင်း သိရသည်။ **Ref: Xinhua**

# ဆိုးမြို့က အရပ်ဘက်အိမ်ရာများအောက်၌ နျူကလီးယားဘန်ကာများ ထည့်သွင်းတည်ဆောက်မည်



**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံ၏ မြို့တော်ဖြစ်သောဆိုးမြို့၌ ထပ်မံတည်ဆောက်မည့် အရပ်ဘက်အိမ်ရာများအောက်တွင် နျူကလီးယားဒဏ်ခံနိုင်သည့် ဘန်ကာများကို ပထမဆုံးအဖြစ်ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၁၃ ရက်တွင်ပြောသည်။

အဆိုပါနျူကလီးယားဒဏ်ခံဘန်ကာကို အိမ်ထောင်စုပေါင်း ၉၉၉ စုအတွက် ဒီဇိုင်းရေးဆွဲကာ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းဘန်ကာများသည် နျူကလီးယားကိုသာမက ဇီဝနှင့်ဓာတုတိုက်ခိုက်မှုများကိုလည်း ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၂၀၂၈ ခုနှစ်အရောက်တွင် တည်ဆောက်မည့် အဆိုပါအိမ်ရာအောက်ရှိ ဘန်ကာက စတုရန်းမီတာ ၂၁၄၇ မီတာကျယ်ဝန်းမည်ဖြစ်ကာ တစ်ကြိမ်တည်းနှင့်လူဦးရေပေါင်း ၁၀၂၀ အထိကိုလက်ခံနိုင်မည်ဖြစ်ပြီး အထဲတွင် စားနပ်ရိက္ခာ ၁၄ ရက်စာကိုပါထည့်ပေးထားမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတစ်ဝန်း၌ ဗုံးခိုဘန်ကာပေါင်း ၁၉၀၀၀ နီးပါးရှိပြီး ၃၂၀၀ ကျော်မှာ ဆိုးမြို့၌ဖြစ်သည်။ သို့သော် ယင်းဘန်ကာများသည် နျူကလီးယား၊ ဓာတု၊ ဇီဝတိုက်ခိုက်မှုများကို ကာကွယ်နိုင်စွမ်းမရှိကြောင်း သိရသည်။ **Ref: KH**

# တောင်အာဖရိက၌ ဘတ်စကားတစ်စီးတိမ်းမှောက် အနည်းဆုံးလူ ၄၂ ဦးသေဆုံး

**ဂျိုဟန်နက်စဘတ်၊ မတော်တဆမှု**

တောင်အာဖရိက၌ ခရီးသည်တင်ဘတ်စကားတစ်စီးသည် တောင်စောင်းတစ်နေရာမှ အောက်သို့တိမ်းမှောက်ထိုးကျမှုဖြစ်ပွားရာ အနည်းဆုံးလူ ၄၂ ဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၁၃ ရက်တွင်ပြောသည်။

အဆိုပါဘတ်စကားသည် တောင်အာဖရိကနိုင်ငံမှ ဇင်ဘာဘွေနိုင်ငံသို့ဦးတည်သွားခြင်းဖြစ်ပြီး ဘတ်စကားပေါ်တွင် မာလာဝီနှင့် ဇင်ဘာဘွေနိုင်ငံတို့မှ အလုပ်သမားများလိုက်ပါသွားကြောင်း၊ အောက်တိုဘာလ ၁၂ ရက်တွင် နယ်စပ်မှကီလိုမီတာ ၉၀ အကွာ၌ ယခုကဲ့သို့မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း လင်ပိုပိုပြည်နယ်မှ ပို့ဆောင်ရေးဝန်ကြီးကပြောသည်။

သေဆုံးသူများတွင် အသက် ၁၀ လခန့်သာရှိသေးသည့် ကလေးငယ်တစ်ဦးပါဝင်ကြောင်းနှင့် လူ ၃၈ ဦးကိုဆေးရုံတင်ထားကာ ကျန်ရှိသူများကိုတာဝန်ရှိသူများက ရှာဖွေမှုများလုပ်ဆောင်နေကြောင်း ၎င်းက ဆက်ပြောသည်။

ယခုကဲ့သို့ မတော်တဆမှုဖြစ်ပွားရခြင်းသည် နိုင်ငံသုံးနိုင်ငံအတွက် ဝမ်းနည်းစရာဖြစ်ရပ်ဖြစ်ကြောင်း၊ လမ်းအသုံးပြုသူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေးကိုသာ ပိုမိုဦးစားပေးစေလိုကြောင်း တောင်အာဖရိကသမ္မတ စိုင်ရေးရာမာဖိုဆာက ပြောထားသည်။ **Ref: ST**



# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA/KPF အကြမ်းဖက်အဖွဲ့မှအဖွဲ့ဝင် ၁၁ ဦးသည် ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင် ၁၁ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် ကချင်ပြည်နယ်၊ ပူတာအိုမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့်၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပူတာအိုတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ ရောက်ရှိနေသော KIA/KPF အကြမ်းဖက်အဖွဲ့မှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်း၊ လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများနှင့်လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိသည့်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့်လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

# ရာဇဝတ်အထူးအယူခံမှု(၂) မှုနှင့် တရားမအထူးအယူခံမှု (၅)မှုတို့ကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသည့် ဒေါ်ခင်မေရီ၊ ဦးသိန်းကိုကို၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ် (၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၅/၂၀၂၅ (ပဲခူး) နှင့် တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၅ (ရန်ကုန်)၊ ၂၆/၂၀၂၅ (ရန်ကုန်)၊ ၂၇/၂၀၂၅ (ဧရာဝတီ)၊ ၂၉/၂၀၂၅ (စစ်ကိုင်း)၊ ၃၀/၂၀၂၅ (ရှမ်း)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၅ (မွန်)၊ ၇/၂၀၂၅ (မွန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၃၁/၂၀၂၅ (မန္တလေး)၊ ၃၂/၂၀၂၅ (မန္တလေး)၊ ၃၃/၂၀၂၅ (ကချင်) နှင့် ၃၄/၂၀၂၅(ကချင်)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

မြဝတီ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၅-၁၀-၂၀၂၅ ရက် ည ၈ နာရီမှ ၁၂-၁၀-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။** အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၄˚C |
| ရန်ကုန် | ၂၅˚C | / | ၃၄˚C |
| မန္တလေး | ၂၆˚C | / | ၃၆˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဆွေးနွေး



မုံရွာ အောက်တိုဘာ ၁၃

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာန ဆိုင်ရာများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်ခရိုင်/မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြ သည်။

ထို့နောက်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင် စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲ ဆိုင်ရာ အချက်အလက်များနှင့် မဲဆန္ဒနယ် သတ်မှတ်ခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက်ကြိုတင် ဆောင်ရွက်နေမှုများ၊ MEVM စက်များ ဖြန့်ဝေထားရှိမှု အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပရန်ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးလူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန တိုင်းဒေသကြီးဦးစီးမှူးက မဲစာရင်း များအားအခြေခံသည့် လူဦးရေစာရင်း ဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး အတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေး၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ခန္တီး၊ စစ်ကိုင်း၊ ရွှေဘို၊ ရေဦး၊ မော်လိုက်၊ ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိခရိုင်များရှိ မြို့နယ်များ အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြ သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် သည် မုံရွာမြို့ ချင်းတွင်းခန်းမ၌ကျင်းပ သည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အခမ်း အနားသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင်ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် Mr.Antonio Guterres ၏ သဝဏ်လွှာရုပ်သံဖိုင် Video Clip နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုမှတ်တမ်း Video ကိုကြည့်ရှုအားပေးကြပြီး တိုင်း ဒေသကြီးဝန်ကြီးချုပ်က အထက်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ သူကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က ဒုတိယဆုရရှိခဲ့သူကို လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးက တတိယဆုရရှိခဲ့သူကိုလည်း ကောင်း ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုဆု လက်မှတ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားရှိသည့် သဘာဝဘေး အန္တရာယ်များဖြစ်ပွားလာပါက ကူညီ ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေးများဖြစ်ပွားခဲ့သည့် မှတ်တမ်း ဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**အေးသန္တာ**

# အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းဖွင့်လှစ်





ရန်ကုန် အောက်တိုဘာ ၁၃

အခြေခံပညာဆရာ၊ ဆရာမများ အထူး မွမ်းမံသင်တန်းအမှတ်စဉ်(၁၁၁) ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ရတနာ သိဃ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ ပညာ ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်း သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က နိုင်ငံအတွင်း ပညာတတ်များပေါကြွယ်ဝမှ သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပညာ တတ်ပုဂ္ဂိုလ်များက နိုင်ငံ၏အေးချမ်းသာယာ မှု၊ တည်ငြိမ်ဖွံ့ဖြိုးမှု၊ လူမှုစီးပွားဘဝများကို ဦးဆောင်နိုင်မည်ဖြစ်ကြောင်းပြောကြား သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၀၂ ဦး တက်ရောက် ကြပြီး သင်တန်းကို အောက်တိုဘာလ ၁၃ ရက်မှ ဒီဇင်ဘာလ ၁၃ ရက်အထိရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရ သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်သည် တက္ကသိုလ်အတွင်းဖွင့်လှစ် လျက်ရှိသော သင်တန်းများ၏ သင်ကြားပို့ချ နေမှုများနှင့် သင်တန်းအိပ်ဆောင်များ၊ စားရိပ်သာများ၊ မွေးမြူရေးခြံများနှင့် အိမ်ထောင်သည်လိုင်း အစရှိသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။ **မြဝတီ**

# တရားမဝင် ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



လိုင်စင်မဲ့ မော်တော်ယာဉ် (Daihatsu Hijet – 2010 Model)

**စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။**

နေပြည်တော် အောက်တိုဘာ ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု ဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့် အညီ ထိရောက်စွာ တားဆီးအရေးယူနိုင် ရေးဆောင်ရွက်လျက်ရှိရာ စစ်ကိုင်း တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

**အောက်တိုဘာလ ၁၀ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ကံတလူပူးပေါင်းစစ်ဆေး ရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော် ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁ ရက်နှင့် ၉ ရက်နေ့** တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၌ ခရီးသည်(၆)ဦးဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၁၅) မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၆) မျိုး၊ ကျောက်စိမ်း ဟု ယူဆရသောကျောက်တုံး (၂ ဒသမ ၀၆၁)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၈၅၃၀၀၀)ကိုလည်းကောင်း၊ **အောက်တို ဘာလ ၁၀ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန် ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၆၈၅၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၁ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၈၅၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေး စား၊ အငယ်စားနှင့်အလတ်စားပြည်တွင်း စီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများရေရှည်ရပ်တည်နိုင် ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှု များကိုဖြစ်ပေါ်စေပါသဖြင့် တရားမဝင် ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန် ရှိသူများမှ ယခုထက်ပိုမို၍ တားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း **တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ**မှ သိရ သည်။

**မြဝတီ**

# မြန်မာနှင့် တရုတ်-မကာအို အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်မှုကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၃

၂၀၂၆ ခုနှစ် အာရှဖလား ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ် ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပမည်ဖြစ်ရာ မြန်မာနှင့်တရုတ်– မကာအို အမျိုးသမီးဘောလုံးအသင်းတို့ သည် အောက်တိုဘာလ ၁၅ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစား ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **မြဝတီ**

# နိုင်ငံ့ဝန်ထမ်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့်

**မောင်စံကြီး**

ခုတလော မောင်စံကြီးတို့ဝန်ထမ်းလောကမှာ စိုးရိမ်စိတ်နဲ့ပြောနေကြတဲ့ စကားသံတွေကြားနေရပါတယ်။ အထူးသဖြင့်တော့ နေပြည်တော်က ဝန်ကြီးဌာနတွေနဲ့ လက်အောက်ရုံးချုပ်ဌာနတွေမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေရဲ့ မဲပေးခွင့်ကိစ္စပါ။ ရွေးကောက်ပွဲဥပဒေမှာ မိမိအမြဲတမ်းနေထိုင်တဲ့လိပ်စာရှိရာ လဝက ပုံစံ (၆၆/၆) ရှိတဲ့နေရာမှာပဲ မိမိမဲစာရင်းပါမှာဖြစ်လို့ အမြဲတမ်းနေထိုင်ရာ နေရာမှာပဲ ပြန်ပြီးမဲပေးရမယ့်သဘောလို့ နားလည်ထားကြလို့ပါ။ တကယ်တော့ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွေမှာ ဒေသတစ်ခုက အခြားဒေသတစ်ခုကို နိုင်ငံ့တာဝန်အရပဲဖြစ်ဖြစ်၊ အခြားလူမှုရေး၊ စီးပွားရေးအရဖြစ်ဖြစ် ပြောင်းရွှေ့နေထိုင်ရတဲ့သူတွေကို အရင်နေထိုင်တဲ့နေရာကနေ လက်ရှိပြောင်းရွှေ့နေထိုင်တဲ့နေရာကို မဲစာရင်းပြောင်းနိုင်မယ့်အခွင့်အရေးပေးထားပါတယ်။

ဝန်ထမ်းတွေရဲ့ စိုးရိမ်ပူပန်မှုတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရိပ်စားမိလို့ထင်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ် မဲစာရင်းစကပ်တဲ့ ၃၀-၉-၂၀၂၅ နေ့ရဲ့ နောက်တစ်နေ့ အောက်တိုဘာလ ၁ ရက်မှာပဲ ဝန်ထမ်းတွေ မဲပေးခွင့်မဆုံးရှုံးရအောင် ဥပဒေနှင့်အညီ ဆောင်ရွက်ရမယ့်နည်းလမ်းတွေကို ဝန်ကြီးဌာနအသီးသီးကို အကြောင်းကြားခဲ့ပါတယ်။ မောင်စံကြီးတို့ဝန်ကြီးဌာနကတော့ သီတင်းကျွတ်ပိတ်ရက်ပြန်အတက်မှာ ဝန်ထမ်းတွေအားလုံးကို အသိပေးထားလို့သိပြီးပါပြီ။ အချို့ရုံးတွေကတော့ ရုံးပိတ်ရက်ပြန်အတက်မှာ ဌာနအကြီးအကဲတွေ အလုပ်များနေကြလို့ အသိနောက်ကျတာလည်းဖြစ်နိုင်ပါတယ်။ ဌာနက ညွှန်ကြားရေးမှူးရှင်းပြတာကတော့ ကျွန်တော်တို့အနေနဲ့ လက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ ထက်မနည်းနေထိုင်ခဲ့ရင်၊ ကျွန်တော်တို့အမြဲတမ်းနေရပ်ကိုလည်း ပြန်ပြီးမဲပေးလိုတဲ့ဆန္ဒမရှိရင် ကိုယ့်ဌာနအကြီးအမှူးရဲ့ထောက်ခံချက်နဲ့ပုံစံ(၃-က) လို့ခေါ်တဲ့ ရွေးကောက်ပွဲလျှောက်လွှာပုံစံနဲ့ ကျွန်တော့်အတွက်ဆိုရင်တော့ လက်ရှိနေထိုင်ရာ ဝန်ထမ်းအိမ်ရာရှိတဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ ဇမ္ဗူသီရိမြို့နယ်ကော်မရှင်အဖွဲ့ခွဲကို လျှောက်လိုက်ရုံပဲ။ ထောက်ခံချက်ယူတဲ့ကိစ္စကလည်း ဌာနတာဝန်ခံ ထောက်ခံမယ့်နေရာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထပ်ဆင့်ထောက်ခံရမယ့်နေရာက ပုံစံ (၃-က) မှာ တစ်ခါတည်းထည့်ထားတာ။ သီးခြားစာရွက်ပုံစံမလိုပါဘူး။ ပုံစံ (၃-က) ကလည်း

ပုံစံ (၃-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင် ထည့်သွင်းပေးပါရန် တောင်းဆိုလွှာ**
[ နည်းဥပဒေ ၁၀ (က) ]

သို့

ဥက္ကဋ္ဌ
------------------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
------------------------------ မြို့

မှတစ်ဆင့်

ဥက္ကဋ္ဌ
------------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

(၁) တောင်းဆိုသူအမည် ------------------------------
(၂) ကျား/မ ------------------------------
(၃) မွေးသက္ကရာဇ် ------------------ အသက်( )
(၄) မှတ်ပုံတင်အမှတ် ------------------------------
(၅) အဘအမည် ------------------------------
(၆) အမိအမည် ------------------------------
(၇) လက်ရှိနေရပ်လိပ်စာ ------------------------------
------------------------------
(၈) အလုပ်အကိုင် ------------------------------
(၉) လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီ/လုပ်ငန်း အမည် ------------------------------
(၁၀) အမြဲတမ်းနေရပ်လိပ်စာ ------------------------------
------------------------------
(၁၁) အမြဲတမ်းနေရပ်၏ ရပ်ကွက်/ကျေးရွာအုပ်စုအမည် ------------------------------
(၁၂) အမြဲတမ်းနေရပ်၏မြို့အမည် ------------------------------
(၁၃) အမြဲတမ်းနေရပ်၏မြို့နယ်အမည်------------------------------

တောင်းဆိုသူသည်မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား / နိုင်ငံသားပြုခွင့်ရသူဖြစ်ပြီး မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ တောင်းဆိုသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည် -

------------------------------------------
------------------------------------------

၂

**ဝန်ခံချက်**

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည် လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ပြီး မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှ ပါဝင်ရန် တောင်းဆိုထားခြင်း မရှိပါ။

တောင်းဆိုသူ၏ လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ -------------------------

**လုပ်ငန်းတာဝန်ခံ /လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်**

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ် --------------------သည် မိမိတို့ ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် ------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

လုပ်ငန်းတာဝန်ခံ /
လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏လက်မှတ်

ရက်စွဲ၊ -------------------------

**မှတ်ချက်။** အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင်/ လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

**ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်**

လျှောက်ထားသူ ဦး/ဒေါ် ------------------------သည် -------------------ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် ------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း အလုပ်လုပ်ကိုင်လျက်ရှိကြောင်း / လက်ရှိနေရာတွင် အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း ရောက်ရှိနေထိုင်သူဖြစ်ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
--------------------ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ -------------------------

ရပ်ကွက်ကော်မရှင်မှာ အလကားရပါတယ်။ ကျွန်တော်တို့ကတော့ UEC Website က ယူလိုက်ပါတယ်။ ကျွန်တော်က နေပြည်တော်မှာတာဝန်ကျတာ သုံးနှစ်နီးပါးရှိပြီဆိုတော့ အနည်းဆုံး ရက်ပေါင်း (၁၈၀) ဆိုတဲ့ သတ်မှတ်ချက်က ဘောင်ဝင်ပါတယ်။

ကျွန်တော့်အမြဲတမ်းနေရပ်က ရန်ကုန်တိုင်း ကမာရွတ် (၄) ရပ်ကွက်ဆိုတော့ ကျွန်တော် ပြန်ပြီး မဲသွားပေးဖို့သွားလာရတဲ့စရိတ်၊ ရုံးမှာကလည်း မဲပေးမယ့်အချိန်အလုပ်များနေမှာဆိုတော့ မိမိနေရပ်ပြန်ပြီးမဲပေးဖို့က အခက်အခဲရှိတဲ့အတွက် ကျွန်တော်ရော၊ ကျွန်တော့်ဇနီးရော ပုံစံ (၃-က) နဲ့ ညွှန်ကြားရေးမှူးချုပ်ထောက်ခံချက်နဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထပ်ဆင့်ထောက်ခံချက်နဲ့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲကိုပေးပို့ထားပြီးပါပြီ။ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်က ကျွန်တော်တို့ဌာနက ကျွန်တော့်လို လက်ရှိနေတဲ့နေရာမှာ မဲစာရင်းပါအောင် ပုံစံ (၃-က) နဲ့ လျှောက်တဲ့စာရင်းတွေကို စုစည်းပြီး ဝန်ကြီးရုံးကိုပို့တယ်လည်းကြားတယ်။ ဝန်ကြီးရုံးကတော့ ဝန်ကြီးဌာနတစ်ခုလုံးရဲ့ ပုံစံ (၃-က) နဲ့တောင်းဆိုတဲ့ မဲဆန္ဒရှင်စာရင်းတွေကို စုစည်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပို့ဖို့လုပ်နေတယ်လည်းကြားပါတယ်။

ဒီအတိုင်းပဲ ကျွန်တော့်ညီအရင်းက ဧရာဝတီတိုင်း ဟင်္သာတမှာ တာဝန်ကျလို့သွားနေတာ တစ်နှစ်ကျော်နေပြီ။ သူလည်း ကျွန်တော်နဲ့ ကမာရွတ် (၄) ရပ်ကွက်မှာပဲ အိမ်ထောင်စုစာရင်း (၆၆/၆) ရှိတာဆိုတော့ သူ့မဲစာရင်းလည်း ရန်ကုန် ကမာရွတ်မှာပဲ ပါမှာ။ သူလည်း ရန်ကုန်ပြန်ပြီး မဲပေးဖို့မဖြစ်နိုင်တော့ ကျွန်တော့်လိုပဲ ပုံစံ (၃-က) နဲ့ ဌာနရဲ့ ခရိုင်တာဝန်ခံ ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထပ်ဆင့်ထောက်ခံချက်နဲ့ ဟင်္သာတကော်မရှင်အဖွဲ့ခွဲမှာ လျှောက်ထားတယ်လို့ပြောတယ်။

ပုံစံ (၃-က) နဲ့ တောင်းရမှာဆိုတော့ ဘာတွေပုံစံမှာဖြည့်ရမှာလဲ၊ ခက်ခက်ခဲခဲလား၊ ဘာအထောက်အထားတွေလိုလဲ မေးခွန်းတွေရှိလာနိုင်ပါတယ်။ ကျွန်တော် ပုံစံ (၃-က) ကို ဖြည့်ပြီးပါပြီ။ လွယ်ကူရိုးရှင်းပါတယ်။ ကိုယ့်အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်၊ အဘအမည်၊ အမိအမည်၊ ကိုယ့်အလုပ်အကိုင် စတဲ့ကိုယ်အလွယ်တကူချက်ချင်းပေးနိုင်တဲ့ အချက်အလက်တွေပါပဲ။ နောက်အရေးကြီးတာက လက်ရှိနေရပ်လိပ်စာနဲ့ ကိုယ့်ရဲ့အမြဲတမ်းနေရပ်လိပ်စာကို ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အပြည့်အစုံထည့်ရတယ်။ ဒါကလည်း ကိုယ့်ရဲ့ ပုံစံ (၆၆/၆) ရှိတဲ့နေရာမှာ ကိုယ့်မဲစာရင်းပါနေမှာဆိုတော့ မဲစာရင်းမဖောင်းပွအောင်စိစစ်ပြီး မူလနေရပ်ကမဲစာရင်းကို ဥပဒေနှင့်အညီ ဖျက်ရမှာပါ။ ကိုယ်ကလက်ရှိနေရာမှာ ရက်ပေါင်း ၁၈၀ အနည်းဆုံးနေထိုင်ပြီးပြီဆိုတာရယ်၊ အခြားနေရာတွေက မဲစာရင်းတွေမှာပါဖို့ တောင်းဆိုတာမရှိဘူးလို့ ဝန်ခံလက်မှတ်ထိုးတာတို့ရယ် ဒါပါပဲ။ ဘာမှခက်ခဲတာ မဖြည့်နိုင်စရာအချက်မရှိပါဘူး။ ဒီတော့ဗျာ ကျွန်တော်တို့ဝန်ထမ်းတွေ မိမိအမြဲတမ်းနေထိုင်တဲ့နေရပ်ကိုပြန်ပြီးမဲပေးဖို့အခက်အခဲရှိတာသိလို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ဝန်ကြီးဌာနတွေက ပူးပေါင်းညှိနှိုင်းစီစဉ်ထားပြီးဖြစ်လို့ လက်ရှိနေရပ်မှာမဲပေးနိုင်ဖို့ ပုံစံ (၃-က) နဲ့သာ ကိုယ့်အမည် မဲစာရင်းမှာပါဝင်အောင် ဆောင်ရွက်ကြဖို့ တိုက်တွန်းပါတယ်ခင်ဗျာ။ ။

# အရန်မီးသတ်(မွမ်းမံ)သင်တန်းဖွင့်




မြောင်းမြ အောက်တိုဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်မီးသတ်ဦးစီးဌာနမှကြီးမှူး၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၃ ရက်တွင် အမှတ်(၁၀)ရပ်ကွက် မြို့နယ်မီးသတ်စခန်းရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၅)မှ မီးသတ်တပ်ဖွဲ့၏ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ချီတက်အလေးပြုခြင်း၊ မီးလောင်မှုအခြေခံသဘောတရားများ၊ အခြေခံမီးငြိမ်းသတ်နည်း၊ အရန်မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုနည်း၊ ပိုက်လိပ်၊ ပိုက်ခေါက်၊ ပိုက်ခေါင်းနှင့် ပိုက်ဆက်နည်းအမျိုးမျိုး၊ လှေကားလေ့ကျင့်ခန်း၊ အခြေခံကြိုးချည်နည်း၊ ကြိုးကူးလေ့ကျင့်ခန်း၊ ရေစိုလေ့ကျင့်ခန်း၊ ရှာဖွေကယ်ဆယ်ရေးနည်းလမ်းများနှင့်မီးလောင်ခံရသူများအား ရှေးဦးသူနာပြုစုနည်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ဖြင့် အောက်တိုဘာလ ၁၃ ရက်မှ နိုဝင်ဘာလ ၇ ရက်အထိ ရက်သတ္တလေးပတ်ကြာစနစ်တကျဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပြီး မြောင်းမြမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ စုစုပေါင်းသင်တန်းသား ၅၀ ဦးတက်ရောက်ကြောင်း သိရသည်။

(၄၀၇)

**သဇင်(FM)**
**အသံလွှင့်အစီအစဉ်**
၁၄-၁၀-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော် စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၅၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် အောက်တိုဘာ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်စဉ်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင်အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ–ရွှေကုက္ကို၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ အင်ဒိုနီးရှားနိုင်ငံသားလေးဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၁၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၉၄၉၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကိုတားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

⊃ ကျောဖုံးမှအဆက်

MNTV၊ Skynet Up to date နှင့် Readers' Channel တို့အပြင် MWD HD၊ MWD Variety Channel တို့မှ လည်းကောင်း MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့်မည်ဖြစ်သည်။

မြဝတီ

---

## ၁၃-၁၀-၂၀၂၅ မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဖောင်းပြင် | ၂ | ဒသမ | ၈၅ | လက်မ | ပြည် | ၁ | ဒသမ ၅၀ လက်မ |
| ကလေးဝ | ၂ | ဒသမ | ၁၃ | လက်မ | မအူပင် | ၁ | ဒသမ ၃၀ လက်မ |
| ထားဝယ် | ၁ | ဒသမ | ၇၇ | လက်မ | လှည်းကူး | ၁ | ဒသမ ၁၄ လက်မ |
| ရေး | ၁ | ဒသမ | ၅၇ | လက်မ | မြိတ် | ၁ | ဒသမ ၁၀ လက်မ |

---





### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးညွန့်ဖေ အသက်(၈၅)နှစ်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ၁၀ လမ်း၊ အိမ်အမှတ်(၁၀၀၉)တွင် နေထိုင်သူ ဦးဝင်းနိုင်+(ဒေါ်ချိုနွယ်ဦး)၊ ဦးကျော်မိုးဦး+ဒေါ်ခင်ခင်ရှိန်၊ ဦးစိုးဝင်း+ဒေါ်သီသီလွင်၊ အရှင်စိန္တိတ၊ ဗိုလ်မှူးချုပ်ထွန်းထွန်းဦး+ဒေါ်ခိုင်မာစိုး၊ ဦးနေလင်း+ဒေါ်မြသီတာဦးတို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ကြည်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးညွန့်ဖေ အသက်(၈၅)နှစ်သည် ၁၃-၁၀-၂၀၂၅ ရက်(တနင်္လာနေ့)ည ၈:၃၀ နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)ရန်ကုန်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂:၀၀ နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ ငြိမ်းအေးဇရပ်တွင် တရားနာယူပြီး ရေဝေးသုသာန်သို့ ပို့ဆောင်၍ မွန်းလွဲ ၁:၀၀ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၂၅ ရက်(တနင်္ဂနွေနေ့)တွင် ဆွမ်းကျွေးတရားနာပြုလုပ်မည်ဖြစ်ပါသဖြင့် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပျောက်ဆုံးကြောင်း
နော်ရှိ(စ်)မေရီ(ဘ)ဦးစောကိုတိုး ၇/ထတပ(နိုင်)၁၁၇၃၀၉ ကိုင်ဆောင်သူ၏ (OWIC)ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၂၇၇၄၅၄၃

### ပျောက်ဆုံးကြောင်း
လမင်းအောင်(ဘ)ဦးမင်းသိမ်း ၁၂/တမန(နိုင်)၂၄၈၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၀၉၃၉၀၁

### ပျောက်ဆုံးကြောင်း
မျိုးလင်းအောင်(ဘ)ဦးအောင်မြင့်ကြည် ၈/နမန(နိုင်)၁၈၅၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ငုဝါနိုင်(ဘ)ဦးမောင်နိုင် ၈/အလန(နိုင်)၁၇၃၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နန်းအေမိုင်လေး(ဘ)ဦးစိုင်းကျော်လှ ၁၃/မဆတ(နိုင်)၀၄၃၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၈၅၁၈

### ပျောက်ဆုံးကြောင်း
ကျော်ဝင်းထွန်း(ဘ)ဦးဆာမစွန် ၁၂/သလန(နိုင်)၁၀၄၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အဏ္ဏဝါကိုကို(ဘ)ဦးခိုင်ခိုင်ဦး ၁၂/ရကန(နိုင်)၀၇၀၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 853505)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဘားချေ(ဘ)ဦးထွန်းအေးကျော် ၁၁/ပတန(နိုင်)၀၆၃၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဇော်ထိုက်ဦး(ဘ)ဦးအေးသွင် ၁၄/မအပ(နိုင်)၁၉၃၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၇၀၁၀၅

### ပျောက်ဆုံးကြောင်း
သက်ဟိန်းဟန်(ဘ)ဦးအေးဟန် ၁၄/ညတန(နိုင်)၁၀၉၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၉၃၃၁၇၇

### ပျောက်ဆုံးကြောင်း
ခင်မျိုးအေး(ဘ)ဦးမြင့်ဆွေ ၁၂/သခန(နိုင်)၁၀၇၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၄၉၇၈၀၉

### ပျောက်ဆုံးကြောင်း
နန့်မေသက်ဝေ(ဘ)မန်းပိုးသိန်း ၁၄/မမန(နိုင်)၁၉၆၆၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၅၀၃၃၆၇

### ပျောက်ဆုံးကြောင်း
ကျော်သူရ(ဘ)ဦးလှရွှေ ၁၂/ဗဟန(နိုင်)၀၇၉၀၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၁၅၆၆၀၈

### ပျောက်ဆုံးကြောင်း
ငွေးဝင်း(ဘ)ဦးလှသောင်း ၇/ပခန(နိုင်)၀၈၆၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 479296)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၉၉၄၆၄၀

### ပျောက်ဆုံးကြောင်း
မြအောင်(ဘ)ဦးမြ ၇/ပခန(နိုင်)၁၇၈၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 479293)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၅၁၂၄၆

### ပျောက်ဆုံးကြောင်း
သူဇာအောင်(ဘ)ဦးရွှေထွန်း ၁၂/မဂတ(နိုင်)၀၈၀၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၇၂၇၀၀၀

### ပျောက်ဆုံးကြောင်း
အေးမင်းထွန်း(ဘ)ဦးတင်ထွန်း ၁၀/ကထန(နိုင်)၁၀၅၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၅၀၁၈၅၄၉

### ပျောက်ဆုံးကြောင်း
ထန်ရှင်(ဘ)ဦးဟန်ခန့်ဇမ်း ၉/ညဥန(နိုင်)၁၈၅၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၃၇၁၈၄၂

### ပျောက်ဆုံးကြောင်း
အေးအေးမော်(ဘ)ဦးစိုးနိုင်ဦး ၁၃/ကခန(နိုင်)၀၆၀၆၂၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၀၉၃၉၀၁

### ပျောက်ဆုံးကြောင်း
စိုးဝင်း(ဘ)ဦးစိန် ၉/ရမသ(နိုင်)၁၆၀၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၁၉၂၄၆၆

### ပျောက်ဆုံးကြောင်း
ဦးဟိန်းမြတ်ကို(ဘ)ဦးမြင့်ဦးလှိုင် ၃/လဘန(နိုင်)၁၀၁၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ဇေယျာဖြိုး(ဘ)ဦးမောင်ကြည် ၉/ပဘန(နိုင်)၂၂၈၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၂၈၆၅၃၅

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

### ပျောက်ဆုံးကြောင်း
ကျော်ဖြိုးဝေ(ဘ)ဦးဇော်ဝင်း ၁၂/ခရန(နိုင်)၁၄၇၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၈၄၉၇၅၀၈

### ပျောက်ဆုံးကြောင်း
နော်ကညောဖေါ(ဘ)စောမယ်ဖိုး ၇/တငန(နိုင်)၂၄၅၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 902673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ညီညီနိုင်(ဘ)ဦးသိန်းဖေ ၁၁/သတန(နိုင်)၀၂၈၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၅၄၂၀၁

# ဘိုကလေးမြို့နယ်၌ ကော်ဖီပျိုးပင်များပေးအပ်ခြင်းနှင့် စုပေါင်းစိုက်ပျိုးခြင်းဆောင်ရွက်

ဘိုကလေး အောက်တိုဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ တောင်သူများ ကော်ဖီသီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေရေး၊ နှစ်ရှည်သီးပင်များကြားတွင် ကော်ဖီပင်ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ်ဧရိယာတိုးတက်ကာ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ရည်ရွယ်၍ ကော်ဖီပျိုးပင်များပေးအပ်ခြင်းနှင့် စုပေါင်းစိုက်ပျိုးခြင်းအခမ်းအနားကို အောက်တိုဘာလ ၁၃ ရက်တွင် ဘိုကလေးမြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့်ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွဋ်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်ညီညီထွဋ်နှင့်တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမည့်ဌာနဆိုင်ရာများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများထံ ပျိုးပင်များပေးအပ်ခဲ့ပြီး သင်တန်းကျောင်း၌ ကော်ဖီပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



# မြစ်သားမြို့ မြို့မဈေး၌ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသုံးစွဲမှုများ လိုက်နာရေး အသိပညာပေးခြင်းနှင့်လက်ကမ်းစာစောင်များဖြန့်ဝေ

မြစ်သား အောက်တိုဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသုံးစွဲမှုများလိုက်နာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို အောက်တိုဘာလ ၁၃ ရက်တွင် မြစ်သားမြို့ မြို့မဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်မသုံးစွဲရ (Monday Stop) လှုပ်ရှားမှုအဖြစ် ဈေးရောင်းချသူများနှင့် ဈေးဝယ်ပြည်သူများအား အစားထိုး(Recycle Bag)အိတ်အလုံး ၈၀ ဖြန့်ဝေပေးခဲ့ပြီး ပတ်ဝန်းကျင်သာယာလှပရေး၊ ပလတ်စတစ်အမှိုက်ကင်းစင်ရေး လိုက်နာဆောင်ရွက်ကြရန်နှင့် ပလတ်စတစ်၏ဆိုးကျိုးများဖြစ်သည့် မြို့ပြ၏သန့်ရှင်းသာယာလှပမှုကိုထိခိုက်စေခြင်း၊ မြေထု၊ ရေထု၊ လေထုများကိုညစ်ညမ်းစေခြင်း၊ ကျန်းမာရေးကိုထိခိုက်စေခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိုညိုဝင်းနှင့်ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိုးစံနှင့်ဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့မဈေး ဈေးတာဝန်ခံ ဦးကျော်မြင့်တို့က ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်သာယာလှပစေဖို့ ပလတ်စတစ်အမှိုက်ကင်းစင်စေရေးဆောင်ရွက်စို့ လက်ကမ်းစာစောင် ၁၅၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

# ရွာငံမြို့နယ် ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရွာငံ အောက်တိုဘာ ၁၃


ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ပိဇပ်ကျေးရွာအုပ်စု ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်တိုဘာလ ၁၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ကိုးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၅၀၄ သိန်းကို အသင်းသား၊ အသင်းသူ ၁၁၈ ဦးအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)




# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပဲခူး အောက်တိုဘာ ၁၃

ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာလ ၁၃ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်စာစီစာကုံး(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ သဝဏ်လွှာရုပ်သံဖိုင်နှင့် သဘာဝဘေးလျှော့ပါးရေးလှုပ်ရှားမှုမှတ်တမ်းတင်ဗီဒီယိုတို့ကို ကြည့်ရှုကြပြီး အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ရာ တာဝန်ရှိသူများက ပြခန်းအလိုက် ခင်းကျင်းပြသထားမှုများအပေါ် ရှင်းလင်းပြောကြားကြသည်။

ဥဿာတိုင်းသား



# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၃)နေရာ | B.Comm.H, M.Sc(Industrial Chemistry), B.Sc (Engg:)(Food Technology), B.Sc(Industrial Chemistry)+ Post graduate. D.F.T, M.F.T |
| (ခ) | ကွန်ပျူတာစီစဉ်ရေးမှူး (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၂)နေရာ | B.C.Sc, B.C.Tech ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဂ) | အငယ်တန်းစာရေး (လစာနှုန်း၊ ၁၈၀၀၀၀ -၂၀၀၀-၁၉၀၀၀၀) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဃ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) (လစာနှုန်း၊ ၁၈၀၀၀၀ -၂၀၀၀-၁၉၀၀၀၀) | (၅)နေရာ | Grade II ( Medical Laboratory Technician)အောင်မြင်ပြီးသူ/တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (င) | ယာဉ်မောင်း(၅) (လစာနှုန်း၊ ၁၆၂၀၀၀ -၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီး ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီး အနည်းဆုံးလိုင်စင်သက်တမ်း (၂)နှစ်ရှိသူဖြစ်ရမည်။ |
| (စ) | ရုံးအကူ (လစာနှုန်း၊ ၁၄၄၀၀၀ -၂၀၀၀-၁၅၄၀၀၀) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဆ) | သန့်ရှင်းရေးအကူ (လစာနှုန်း၊ ၁၄၄၀၀၀ -၂၀၀၀-၁၅၄၀၀၀) | (၁၀)နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဇ) | လုပ်သား(အစောင့်) (လစာနှုန်း၊ ၁၄၄၀၀၀ -၂၀၀၀-၁၅၄၀၀၀) | (၅)နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များပါဝင်ရမည်-

| | | | |
|---|---|---|---|
| (က) | အမည် | (င) | ဖခင်အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
| (ခ) | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | (စ) | ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ် |
| (ဂ) | မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်) | (ဆ) | အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာ |
| (ဃ) | လူမျိုး/ကိုးကွယ်သည့်ဘာသာ | (ဇ) | ဖုန်းနံပါတ် |

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များပြည့်စုံစွာပူးတွဲပေးပို့ရမည်-

(က) ပညာအရည်အချင်းထောက်ခံချက်

(၁) အမှတ်စဉ်၁။(က)မှ(ဃ)အထိအတွက် ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(၂) အမှတ်စဉ်၁။(င)အတွက် အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်းထောက်ခံချက်မိတ္တူ၊

(၃) အမှတ်စဉ်၁။(စ)အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊

(၄) အမှတ်စဉ်၁။(ဆ)(ဇ)အတွက် အခြေခံပညာမူလတန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ (ပညာအရည်အချင်းထောက်ခံချက်အတွက် အောင်လက်မှတ်ကို မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊

(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းကိုယ်တိုင်ကတိခံဝန်ချက်၊

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် လွန်ခဲ့သော(၁)လအတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း ထောက်ခံချက်မူရင်း၊

(စ) (၁)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ၊ ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်၊

(ဆ) အမှတ်စဉ်၁။(က)မှ(ခ)အထိခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၅)နှစ်တိတိတာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ်(၄)သိန်းတိတိကိုပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်ကို အသိသက်သေ(၂)ဦး၏လက်မှတ်တို့ဖြင့် တင်ပြရမည်ဖြစ်ပါသည်။

(ဇ) အမှတ်စဉ်၁။(ဂ)မှ(ဇ)အထိခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၂)နှစ်တိတိတာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်အား အသိသက်သေ(၂)ဦး၏ လက်မှတ်တို့ဖြင့်တင်ပြရမည်ဖြစ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)နှစ်မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို(၅-၁၁-၂၀၂၅) ရက်နေ့ ၁၆:၃၀ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများနှင့်မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီးရောက်ရှိပေးပို့လာသောလျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုရမည့်သူစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ Food and Drug Administration. Facebook နှင့် FDA Website-www.fda.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇၃-၄၀၃၈၄၇၊ ၀၆၇၃ - ၄၀၃၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တောင်ငူမြို့နယ်၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၁)ခုအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းသုံးပစ္စည်း(သံချောင်းနှင့်ကျောက်ကြီး) တင်ဒါများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| လုပ်ငန်းသုံးပစ္စည်းအဆိုပြုလွှာရောင်းချမည့်နေ့ရက် | - | (၁၄-၁၀-၂၀၂၅)မှ (၂၇-၁၀-၂၀၂၅)ထိ (ရုံးချိန်အတွင်း) |
| လုပ်ငန်းသုံးပစ္စည်းအဆိုပြုလွှာ နောက်ဆုံးထားတင်သွင်းရမည့်နေ့ရက် | - | (၂၈-၁၀-၂၀၂၅)ရက်နေ့ (၄:၃၀)နာရီ |
| လုပ်ငန်းသုံးပစ္စည်းတင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် | - | (တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား ထပ်မံအကြောင်းကြားပါမည်။) |
| တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ | - | ဗိုလ်အောင်ကျော်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့။ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | ဗိုလ်အောင်ကျော်လမ်း၊ ရပ်ကွက်ကြီး(၆)၊ ဥသျှောင်မြို့သစ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့။ |

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ဒေသ(၃)၊ ပဲခူးမြို့ ဖုန်းနံပါတ် ၀၉-၄၄၄၉၉၇၇၁၂ နှင့် ၀၉-၄၂၃၇၅၄၅၉၉ (သို့မဟုတ်)dwirdwirbago@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က(ခွဲ)(စံဝါအောင်း)Grade-11 တွင်ပညာသင်ကြားနေသော အဘ ဦးအောင်သူ ၉/လဝန(နိုင်)၁၆၁၀၉၃ ၏သမီး မဆုလာဘ်ပြည့်အား ယနေ့မှစ၍ မခိုင်ဝါလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မခိုင်ဝါလင်း

### အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (၃) Grade-10 မှ ပညာသင်ကြားနေသော အဘ ဦးထွန်းနေလင်း ၉/ပဗသ(နိုင်)၀၃၄၀၉၂ ၏သမီး မရွှန်းလဲ့ချစ်အား မရွှန်းလဲ့ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မရွှန်းလဲ့ကျော်

### မတည်ရင်းနှီးငွေလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ "Yadanar Htoo Htoo Company Limited" အစုရှယ်ယာရှင်များ၏ (၁၀-၁၀-၂၀၂၅)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ငွေအား ကျပ်သိန်း(၅၀၀၀)တိတိမှ ကျပ်သိန်း(၁၅၀)တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်းကြော်ငြာအပ်ပါသည်။

"Yadanar Htoo Htoo Company Limited"
Ph:421632806

### ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ တာမိုးညဲ၊ လော်ဆီတန်ရွာနေ ဂျိန်ကော်မေ(ဘ)ဂျိန်ကျားဖို၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၈၀၉၃၀၉

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၇)၊ ရပ်ကွက်(၇) နေ တင်တင်မြ(ဘ)တာမီကွေး၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 058448)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၈၂၂၀၇၄၀

### ပျောက်ဆုံးကြောင်း

ဒေါ်ခိုင်ဇာလင်း(ဘ)ဦးမိုးညို ၈/မကန(နိုင်)၂၈၄၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ မစိန်လှိုင်(ဘ)ဦးရှောက်ယူ ၁၃/လရန(နိုင်)၁၈၉၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 054434)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နေ မောင်နေမျိုးထွန်း(ဘ)ဦးပေါက်ချိန် ၉/မကန(နိုင်)၁၄၈၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

ဒေါ်မျိုးဇာနိုင်(ဘ)ဦးသိန်းကြွယ် ၁၄/ညတန(နိုင်)၁၉၄၃၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

ဦးသူရထွန်း(ဘ)ဦးထွန်းထွန်း ၈/အလန(နိုင်)၁၇၆၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း

ဒေါ်သဲနုဆွေ(ဘ)ဦးဆန်းထွန်း ၉/မဟမ(နိုင်)၀၃၃၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

သူဇာလှိုင်(ဘ)ဦးချစ်လွင် ၈/ကမန(နိုင်)၀၆၇၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၄၆၇၅၃၈

### ပျောက်ဆုံးကြောင်း

ဆန်းဆန်းဦး(ဘ)ဦးအေးထွီး ၁၁/ကတန(နိုင်)၁၈၆၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 480940)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း

ဒေါ်စုထက်ဝေ(ဘ)ဦးဇော်မြင့် ၇/ပခန(နိုင်)၄၇၃၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း

ဇယ်လွမ်း(ဘ)ဦးလတူး ၁/မကန(နိုင်)၀၇၅၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၅၆၈၅၉၆

### ပျောက်ဆုံးကြောင်း

ကျော်လေး(ဘ)ဦးထွန်းရွှေ ၈/ကမန(နိုင်)၀၅၁၉၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၀၄၆၇၅၃၈

### ပျောက်ဆုံးကြောင်း

ဝေယံထက်ပိုင်(ဘ)ခင်မောင်ဝင်း ၇/ဝမန(နိုင်)၁၃၅၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ အ.လ.က(ခွဲ)ဗဟိုရ်စည်ကျောင်း၊ Grade-4 မှ မောင်ထက်အောင်ဖြိုး၏ဖခင်အမည်မှန်မှာ ဦးတင်အောင် ၇/ပခန(နိုင်)၀၉၈၉၁၉ ဖြစ်ပါကြောင်း။ ဦးတင်အောင်

### ပျောက်ဆုံးကြောင်း

အောင်ခန့်မင်း(ဘ)ဦးဝင်းမင်းသန်း ၅/ကသန(နိုင်)၁၅၁၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 732164)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၀၀၀၆၄၅

### ပျောက်ဆုံးကြောင်း

ဒေါ်မြမြမိုး(ဘ)ဦးသန်းအောင် ၆/လလန(နိုင်)၀၃၁၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 737166)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း

စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ကျွန်းတောင်နေ နေမျိုးထက်(ဘ)ဦးငွေးစိန် ၁၂/စခန(နိုင်)၀၆၁၈၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ တပေါင်းကျေးရွာနေ အောင်ကိုလင်း(ဘ)ဦးအောင်မင်း ၅/ကနန(နိုင်)၁၄၆၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 538838)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၄၇၀၃၉၄၄

### ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ ရေကန်စုရွာနေ ထွန်းနိုင်(ဘ)ဦးငြိမ်းအောင် ၅/မရန(နိုင်)၂၁၃၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD 561820)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၃၄၈၁၄၂၅

### ပျောက်ဆုံးကြောင်း

နမ့်စန်မြို့၊ မက်မုန်မွန်းကျေးရွာအုပ်စု၊ မိုးနဲလမ်းနေ ကြာယုံ(ဘ)ဦးယုန်ဝမ် ၁၃/လရန(နိုင်)၀၆၀၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၃၂၀၉၆၉

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၂၂ လမ်း၊ အမှတ်(၃၇၄) နေ ဒေါ်ဇင်မေလင်း(ဘ)ဦးဇော်လင်း ၉/ပမန(နိုင်)၁၂၅၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 154562)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၇၄၁၆၉၉

### အမည်မှန်နှင့် ဖခင်အမည်မှန်

ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်ကျေးရွာအုပ်စု၊ အ.ထ.က(ဝမ်အွယ်)Grade-6 မှ မချမ်းမြေ့ဦး၏အမည်မှန်မှာ မဖူးပြည့်သဇင် ၁၃/ကတန(နိုင်)၂၃၄၇၉၀ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစန်းမြင့် ၁၃/ကတန(နိုင်)၂၂၈၁၀၀ ဖြစ်ပါကြောင်း။ မဖူးပြည့်သဇင်/ဦးစန်းမြင့်



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
We Protect The Family
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE

❖ အလျင်အမြန်ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးနှင့်အတူ ကောင်းမွန်စွာလိုက်ပါရှင်သန်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လူသားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံကြရမည်၊ လုပ်သားအင်အားစုကြီးကို ပညာသင်ကြားပေးမှုနှင့် လေ့ကျင့်ပေးမှုများ အသေအချာလုပ်ဆောင်ပေးရမည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးအစီအစဉ်အဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သဘင်ပညာရှင်ကြီးများဖြစ်ကြသည့် အနုပညာဦးစီးဌာနမှ အသက် ၇၄ နှစ်ရှိ အငြိမ်းစားဦးစီးအရာရှိ ဆရာကြီးပန်တျာဦးမြင့်သိန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)မှ အငြိမ်းစား ဂုဏ်ထူးဆောင်ပါမောက္ခကြီး အသက် ၇၆ နှစ်ရှိ ဒေါက်တာနုနုခင်တို့နှင့်အတူ လက်ဆင့်ကမ်းအမွေကိုဆက်ခံကြမည့် မျိုးဆက်သစ်လူငယ်လေးများက "သစ္စာထားနှစ်ပါးသွား"အကဖြင့် ဂုဏ်ပြုလက်ဆင့်ကမ်း ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၃

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၊ ရေခဲတောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်

စာမျက်နှာ ၆ ကော်လံ ၁ ➢

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၃

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာလ ၁၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-I)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ကာ MRTV HD၊ MRTV News၊ MRTV Parliament၊ NRC Channel၊ Farmer's Channel၊ MITV၊

စာမျက်နှာ ၂၇ ကော်လံ ၁ ➲

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ယုတ္တိမရှိသည့် စွပ်စွဲမှုများ ကန့်ကွက်ပယ်ချ စာ -၁၄ သို့

### ဆောင်းပါး

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာ နှစ်ပေါင်းရှည်ကြာတည်စေရာ စာ - ၁၂ သို့

နိုင်ငံ့ဝန်ထမ်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့် စာ -၂၆ သို့

Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378